မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏
ဆုံးမသြဝါဒ

ပြာပုံးမီးခဲ လောင်မစဲ

ညစ်ခါစနို့သည် မချဉ်မသိုး
အခိုးမထွက်သကဲ့သို့၊
မကောင်းမှုသည် ပြုခါစ၌ အခိုးမလွှတ်တတ်၊
ပြာဖုံးသော မီးကျီးခဲကဲ့သို့
လူမိုက်ကို တငွေ့ငွေ့လောင်ကျွမ်းလျက် ရှိရာ၏။

(ဓမ္မပဒ၊ မာလဝဂ်-၂၃။)

နယ်စပ်ဒေသရှိ တာကော်-မိုင်းပြင်း-ကျိုင်းတုံ ကားလမ်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးဝန်ကြီးဌာန

ယနေ့ခေတ်မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ(၁)

ရန်ကုန် စက်တင်ဘာ ၁၉

စာရေးသူသည် သတင်းသမားတစ်ဦးဖြစ်၍ ခရီးတော်တော်များများ သွားခဲ့ဖူးပြီး ယခုလည်း သွားနေရဆဲဖြစ်သည်။ မြန်မာပြည်အနှံ့ သွားခဲ့ဖူးသည့် ခရီးများထဲတွင် မော်တော်ကားဖြင့် သွားရသည့်ခရီးက ပိုများသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

> သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
> ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးဝန်ကြီးဌာန
> စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

မြန်မာတို့အတွက် မဝေးလှသော အနာဂတ်တွင် ဒီမိုကရေစီရွှေနိုင်ငံကြီး ဧကန်မုချ ပေါ်ပေါက်လာပေတော့မည်။ ထို့ကြောင့် ညီညွတ်စည်းလုံး၍ တက်ကြွထက်မြက်သော မြန်မာတိုင်းရင်းသားတို့အနေဖြင့် ခါးတောင်းကျိုက် မဖြုတ်သေးဘဲ ညီညွတ်ရေးအစွမ်း ပြကြရပေဦးမည်။

ဦးမျိုးမြင့်(ဥပဒေ)၏ ဆောင်းပါး စာ ၈ နှင့် ၉ တို့တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၀ ရက်)

သဘာဝပတ်ဝန်းကျင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက် အရှည်တည်တံ့ရေး ပညာပေးစည်းရုံး ကြိုးပမ်းစွမ်းဆောင်

မျက်မှောက်ကာလ ကမ္ဘာ့နေရာအချို့၌ မိုးသည်းထန်စွာရွာသွန်းမှု၊ မုန်တိုင်းများကျရောက်မှု၊ ရေကြီးမှု၊ ရေတိုက်စားမြေပြိုမှု၊ ငလျင်လှုပ်မှု၊ ဆူနာမီစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေသကဲ့သို့ အခြားတစ်ဖက်၌လည်း မိုးခေါင်မှု၊ အပူချိန်လွန်ကဲမှု၊ အအေးလှိုင်းကျရောက်မှုစသော ရာသီဥတု ဖောက်ပြန်မှုများကို ကြုံတွေ့နေကြရသည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းရခြင်းအကြောင်းရင်းများတွင် သယံဇာတများ အလွန်အကျွံ ထုတ်ယူခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်းများကြောင့်ဖြစ်ရာ အနာဂတ်အတွက် ဆိုးရွားသည့်ပတ်ဝန်းကျင်များ သက်ရောက်စေမည်ဖြစ်သည်။

ယင်းကဲ့သို့ မလိုလားအပ်သော အခြေအနေဆိုးများကို ရှောင်ရှားပြီး ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတွင် လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် စွမ်းဆောင်နိုင်စေမည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရေးအတွက် မှန်ကန်သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ဖော်အသုံးပြုရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ပတ်ဝန်းကျင်စီမံးလန်းစိုပြည်ရေးနှင့် ပျက်ယွင်းမှုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အပေါ်ယံမြေလွှာတိုက်စားမှုနှင့် မြေဆီသြဇာခန်းခြောက်မှုတို့ကို ကာကွယ်ရန်အတွက် ရေသယံဇာတ၊ မြေသယံဇာတများ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုပြင်ဖန်တီးမှုကြောင့်ဖြစ်စေ ပြိုပျက်တိုက်စားမှုမရှိစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်သည်။

သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် တောခုတ်ခြင်း၊ တောမီးရှို့ခြင်းတို့ကို ကာကွယ်တားဆီးရှောင်ကြဉ်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးအသိဖြင့် စည်းရုံးရေးလုပ်ငန်းများ၌ ဝိုင်းဝန်းလက်တွဲ ပါဝင်ကြခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်တို့အတွက် သဘာဝပတ်ဝန်းကျင်ကောင်းများကို လက်ဆင့်ကမ်းသွားနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဘဝပန်းတိုင်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၁)
၈:၃၀	Sports World (Sunday Special)
၈:၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **(ဇော်က ကနေသည်)**
၉:၃၀	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၁၀:၂၀	Activities in the City (Anlene နို့မှုန့်သစ် မိတ်ဆက်ပွဲ အခမ်းအနား)
၁၀:၃၅	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၁၀:၅၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
၁၁:၂၀	သီးနှံစိုက်ပျိုးအထွက်တိုး အရိုန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာကူးပြောင်းရေး
၁၁:၂၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၇)
၁၁:၅၀	အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၂:၀၅	ဗီဒီယိုပြခန်း
၁၂:၂၅	ဉာဝတီရဲ့တေးနရီ ရသစုံလီရခိုင်စာပီ
၁၂:၄၅	လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
၁:၀၀	**ဘဝပန်းတိုင်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ယောကျ်ားကိုအားကိုးတာ ကောင်းတယ်၊ ယောကျ်ားကိုအားမကိုးတာ ကောင်းတယ်)
၃:၃၅	တေးဂီတအစီအစဉ်
၃:၄၅	Activities in the City (Anlene နို့မှုန့်သစ် မိတ်ဆက်ပွဲ အခမ်းအနား)
၄:၀၀	ပြောင်းလဲလာမည့်….သင့်ကမ္ဘာ
၄:၁၅	ရန်ကုန်မြင်ကွင်းကျယ် (Music Crazies ဂီတအရူးလေးများ VCD မိတ်ဆက်ပွဲ)
၄:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **(ဇော်က ကနေသည်)**
၅:၁၅	VJ Choice
၅:၄၀	Mobile Amazing
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဈေးဝယ်လမ်းညွှန် (မြတ်ပန်းတော်ဝင်လက်ဆောင် ပစ္စည်းနှင့် စားသောက်ကုန် ရောင်းဝယ်ရေး)
၆:၄၀	ဗီဒီယိုပြခန်း
၇:၀၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ရီတာစိုးဝင်း)
၇:၂၀	Sports World (Sunday Special)
၇:၄၅	Mobile Amazing
၈:၀၀	MRTV-4 သတင်း
၈:၃၅	စကားနပန်း (ယောကျ်ားကိုအားကိုးတာ ကောင်းတယ်၊ ယောကျ်ားကိုအားမကိုးတာ ကောင်းတယ်)
၉:၁၅	ရန်ကုန်မြင်ကွင်းကျယ် (Music Crazies ဂီတအရူးလေးများ VCD မိတ်ဆက်ပွဲ)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ**(အပိုင်း-၁၁)
၁၀:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၇)
၁၀:၂၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၂:၁၅	JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့… (ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ နည်းလမ်းများဖော်ထုတ်လေ့လာခြင်း စီမံကိန်း)
၁၂:၂၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးအစာထုတ်လုပ်ရေး)
၁၂:၃၅	ဉာဝတီရဲ့တေးနရီ ရသစုံလီရခိုင်စာပီ
၁၂:၅၀	VJ Choice
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Man U-Man City	ESPN (Live)
၈:၂၅	Everton-Blackburn	STAR SPORTS (Live)
၉:၂၅	Chelsea-Tottenham	ESPN (Live)
၁၀:၃၀	Wolverhampton-Fulham	STAR SPORTS (SDD)

မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ တရားတော်
၇:၁၀	၃။ ဓမ္မပူဇာတေး
၇:၂၀	၄။ မျိုးချစ်တပ်မတော်
၇:၂၅	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်**
၇:၅၀	၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။ မြဝတီအဖွင့်
၁၁:၀၅	၂။ အဖွင့်သီချင်း
၁၁:၁၀	၃။ မျိုးချစ်တပ်မတော်
၁၁:၂၅	၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့် ဘဲရုပ်ဆိုး** (အပိုင်း-၈)
၁၂:၀၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မေတ္တာနှောင်ကြိုး**
၁၃:၃၀	၆။ ကျန်းမာသုတ
၁၃:၄၅	၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား**(အပိုင်း-၂၆)

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၉။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၀။ လျှပ်တစ်ပြက်
၆:၃၀	၁၁။ ဘဝကြေးမုံ **ရေနစ်တဲ့ငါး** ပွင့်နဒီမောင်၊ စိုးရန်အောင် (ဒါရိုက်တာ-ဒီအေးလွင်)
၆:၄၅	၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇:၀၀	၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ချစ်သံစဉ်** (ဇာတ်သိမ်းပိုင်း)
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ နိုင်ငံတကာသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ ပဟေဠိနန်းတော်
	၁၉။ ကျန်းမာသုတ
	၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။ (၄၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း)

နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း(တောင်ဖီလာ) စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယမန်နေ့နံနက် ၈နာရီခွဲက နေပြည်တော်လယ်ဝေးမြို့နယ်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တစ်နေ့တန် (၅၀၀)ကျ နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း(တောင်ဖီလာ)သို့ရောက်ရှိရာ **(အပေါ်ပုံ)** စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Max Myanmar Group of Companies က တည်ဆောက်လျက်ရှိသည့် တစ်နေ့ တန်(၅၀၀)ကျ ဘိလပ်မြေစက်ရုံစီမံကိန်းသို့သွားရောက်ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့ - နံနက်+ နေ့လယ် + ည)
(၂၁-၉-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး+ နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (အာဋာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	**(၁၇)ကြိမ်မြောက် ဆို၊ က၊ရေး၊ တီး ပြိုင်ပွဲဝင်များလေ့လာရန် ကာလပေါ်/ခေတ်ဟောင်းတေး**
၁၀:၁၀	အမှတ်တရတေးလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	လယ်ယာစီးပွား (သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော့)
၁၀:၅၅	တေးသီချင်း
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	မေတို့တွက်တာအလှကမ္ဘာ (မိန်းကလေးတွေ လှပကြစမ်းပါ)
၁၁:၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀	သိပ္ပံပညာသိကောင်းစရာ ကြယ်နှင့်အာကာသသိပ္ပံ (အပိုင်း-၁)
၁၁:၄၀	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂:၁၅	အလုပ်အကိုင်အခွင့်အလမ်း (ရွှေနေချုပ်ရုံး) တေးပဒေသာ
၁၂:၃၀	အားကစားသတင်းပဒေသာ
၁၂:၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (ပထမတန်း-သင်္ချာ) တေးပဒေသာ
၁၃:၃၀	ချိုချစ်ဖွယ် အင်္ဂလိပ်သီချင်းကဏ္ဍ
၁၄:၀၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (ခန္ဓာကိုယ်အလေးချိန် ၁၀ရာခိုင်နှုန်းလျှော့ချပြီး ပြန်မတိုးအောင် ထိန်းလိုလျှင်)
၁၇:၁၀	ဇာနည်စစ်သည်တေးပန်းချီ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ရေဒီယိုအတိုတ် တေးအရိပ် နိုင်ငံရေးဦးတည်ချက်
၁၉:၂၅	ရွှင်လန်းစေချင် သောတရှင်
၁၉:၄၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ဇနီးမယားနီတိ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀	**(၁၇)ကြိမ်မြောက် ဆို၊ က၊ရေး၊ တီး ပြိုင်ပွဲဝင်များလေ့လာရန် မဟာဂီတ** လူမှုရေးဦးတည်ချက်
၂၁:၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

တီးတိန်စည်ပင်ပိုင် ယာဉ်၊စက်ယန္တရားများ ကြံ့ခိုင်မှုစစ်ဆေး

တီးတိန် စက်တင်ဘာ ၁၉

ချင်းပြည်နယ် တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်ယန္တရားများကြံ့ခိုင်မှုအခြေအနေနှင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပြင်ဆင်ထားသော တစ်ပါထော်လာဂျီနှင့်ဖန်ယန်းတစ်ပါကား ပြီးစီးမှုအခြေအနေကို စက်တင်ဘာ ၇ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းမင်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။**(မြို့နယ် ပြန်/ဆက်)**

● *ကျောဖုံးမှ*

ကွန်ပျူတာတက္ကသိုလ်များ နယ်စပ်ဒေသပါမကျန် အထူးဖွံ့ဖြိုးရေးဇုန်များ၌ ဖွင့်လှစ်၍ ကွန်ပျူတာကျွမ်းကျင်ပညာရှင်လူစွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိပေသည်။

ဆန်းသစ်

ဤသို့ ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုအခါ မြန်မာနိုင်ငံအတွင်း ကွန်ပျူတာ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ တစ်နှစ်ထက်တစ်နှစ်တိုးပွားလာပြီး ကွန်ပျူတာနှင့်နီးနွယ်လုပ်ကိုင်ရသော လုပ်ငန်းခွင်အမျိုးမျိုးတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။ ကွန်ပျူတာဆော့(ဖ်)ဝဲလ်ပညာရှင်များ၊ ဟတ်ဝဲပညာရှင်များ၊ ပရိုဂရမ်မာ၊ ဒီဇိုင်းပညာရှင်အစရှိသဖြင့် ပေါ်ထွန်းလာကာ ကွန်ပျူတာတစ်ခေတ်ကို ဆန်းသစ်စေခဲ့ပေပြီ။

ကွန်ပျူတာတက္ကသိုလ်

မြန်မာ့အလင်း သတင်းအဖွဲ့သည် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာ ဗန်းမော်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်သို့လည်း သွားရောက်လေ့လာ စေ့ငုခဲ့သည်။

ရှင်းပြ

"ကျွန်မတို့ ဗန်းမော်ကွန်ပျူတာတက္ကသိုလ်ဆိုတာ တပ်မတော်အစိုးရလက်ထက်ရောက်မှ ပေါ်ပေါက်လာခဲ့တာပါ။ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ အစိုးရကွန်ပျူတာကောလိပ်ဆိုပြီး စဖွင့်ပါတယ်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ရက်မှာတော့ ကောလိပ်ကနေ တက္ကသိုလ်အဆင့်တိုးမြှင့် သတ်မှတ်ပေးခဲ့ပါတယ်။ ဒီလို ဖွင့်လှစ်ပေးလိုက်နိုင်တာကြောင့် နောင်ဆိုရင် ဒီဒေသမှာ ကွန်ပျူတာပညာရှင်တွေ တိုးပွားလာတော့မှာ ဖြစ်ပါတယ်" ဟု ဗန်းမော်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဆင့်ဆင့်အောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ယခုဆိုရင် ဒီကွန်ပျူတာ တက္ကသိုလ်မှာ သိပ္ပံဘွဲ့ (B.C.Sc)သုံးနှစ်သင်တန်း၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech) သုံးနှစ်သင်တန်း၊ ကွန်ပျူတာသိပ္ပံဂုဏ်ထူးဘွဲ့

"ကွန်ပျူတာ အတတ်ပညာရှင်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုမွေးထုတ်ပေးနေပါတယ်။"

ဒေါက်တာ ဒေါ်ဆင့်ဆင့်အောင်
(ကျောင်းအုပ်ဆရာမကြီး)
ဗန်းမော်ကွန်ပျူတာတက္ကသိုလ်။

လေးနှစ်သင်တန်း၊ ကွန်ပျူတာနည်းပညာဂုဏ်ထူးဘွဲ့ လေးနှစ်သင်တန်း၊ ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာဘွဲ့ (D.C.Sc) တစ်နှစ်သင်တန်း၊ ဘွဲ့လွန်ကွန်ပျူတာ ထိန်းသိမ်းရေးဘွဲ့ (D.GM)တစ်နှစ်သင်တန်း၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) နှစ်နှစ်သင်တန်း၊မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C. Tech)နှစ်နှစ်သင်တန်းနဲ့ မဟာသုတသိပ္ပံဘွဲ့ (M.I.Sc) နှစ်နှစ်သင်တန်းများ ပို့ချပေးနေပါတယ်"ဟု ဒေါက်တာဒေါ်ဆင့်ဆင့်အောင်က ဆက်လက်ရှင်းပြသည်။

တက်ရောက်

ကွန်ပျူတာတက္ကသိုလ်သို့ တက်ရောက်ခွင့်ရသော ကျောင်းသား ကျောင်းသူများသည် အခြေခံပညာအထက်တန်းတက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ရမှတ် ၃၆၅မှတ်ဖြင့် ခေါ်ယူခဲ့ကြောင်းသိရသည်။ ယခုအခါ ဗန်းမော် ကွန်ပျူတာ တက္ကသိုလ်တွင် ပထမနှစ် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၅၁ဦး၊ ဒုတိယနှစ် ကွန်ပျူတာသိပ္ပံတက်ရောက်နေသူ ၃၆ဦး၊ တတိယနှစ် ကွန်ပျူတာသိပ္ပံတက်ရောက်နေသူ ၁၅ဦး၊ တတိယနှစ်ကွန်ပျူတာနည်းပညာတက်ရောက်နေသူ ခုနစ်ဦး၊ ဂုဏ်ထူးတန်း ကွန်ပျူတာသိပ္ပံတက်ရောက်နေသူ လေးဦး၊ ဂုဏ်ထူးတန်း ကွန်ပျူတာနည်းပညာ တက်ရောက်နေသူ လေးဦး၊ မဟာကွန်ပျူတာ စီနီယာတန်း တက်ရောက်နေသူ လေးဦး၊ မဟာကွန်ပျူတာ ဂျူနီယာတန်းတက်ရောက်နေသူ လေးဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

တည်ဆောက်နေ

ယခုအခါ ဗန်းမော်ကွန်ပျူတာတက္ကသိုလ် ကျောင်းဆောင်သစ်ကြီးကိုလည်း ဗန်းမော်မြို့မှ ငါးမိုင်အကွာ ဗန်းမော်-မြစ်ကြီးနား ကားလမ်းဘေး စီအင်ကျေးရွာအနီး၌ တည်ဆောက်လျက်ရှိရာ ၂၀၁၀ပြည့်နှစ်မကုန်မီ အပြီးတည်ဆောက်သွားရန် ခန့်မှန်းထားကြောင်းသိရသည်။ ယင်းကွန်ပျူတာကျောင်းဆောင်သစ်ကြီးကို အေ-အမ်-စီ ကုမ္ပဏီက ၂၀၀၈ခုနှစ် ဇန်နဝါရီလမှစတင်ကာ တည်ဆောက်နေခြင်း ဖြစ်သည်။ RC သုံးထပ်ကျောင်းဆောင်ကြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၃၀၀၀ခန့် ပညာသင်ယူနိုင်မည်ဖြစ်သည်။

တိုးပွားလာ

မြန်မာတစ်နိုင်ငံလုံးတွင် နိုင်ငံတော်အစိုးရက ကွန်ပျူတာပညာရှင်များ တိုးပွားလာပြီး ခေတ်မီနည်းပညာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့ရာ စုစုပေါင်း ကွန်ပျူတာ တက္ကသိုလ် ၂၅ခုအထိ ရှိသွားပြီဖြစ်သည်။

ဒေသအကျိုးစီးပွား

ဤသို့ နိုင်ငံတော်က နယ်စပ်ဒေသများပါမကျန် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးခြင်းအားဖြင့် နိုင်ငံတစ်ဝန်းလုံး ကွန်ပျူတာ အတတ်ပညာရှင်များ ပေါ်များလာကာ ဒေသတွင်းမှတစ်ဆင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုလာနိုင်တော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငု မှတ်တမ်းပြု တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ဗန်းမော်ကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ကြားနေမှုကို ဤသို့တွေ့ရသည်။
(မြန်မာ့အလင်း)

မြန်မာတစ်နိုင်ငံလုံးတွင် နိုင်ငံတော်အစိုးရက ကွန်ပျူတာပညာရှင်များတိုးပွားလာပြီး ခေတ်မီ နည်းပညာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့။

ဆေးတက္ကသိုလ်(၂)ကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ(၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ် ပထမ အမ်ဘီအတန်းသားများ)၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာလွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ဒေါက်တာခိုင်မာမြင့် ဖုန်း-၀၁-၅၃၅၇၇၄၊ ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ဒေါက်တာမိုးအောင် ဖုန်း-၀၉-၅၁-၅၂၆၇၁၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-၅၀-၄၁၉၃၄၊ ဒေါက်တာ မောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်သူ ဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၉

ပန်သူဘူမိဗေဒလုပ်ငန်းများဆောင်ရွက်မှု သမဝါယမအသင်းလီမိတက်၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီက ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ M-3 Food Center ၌ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးစန်းဝင်း(**အပေါ်ပုံ**)နှင့် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းနိုင်တို့က အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ၂၀၀၇-၂၀၀၈ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်းကို ဒါရိုက်တာ ဦးခင်မောင်ဦးကလည်းကောင်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာဦးစိုးမြင့်က လည်းကောင်း၊ အသင်းသားစာရင်းစစ်အဖွဲ့အစီရင်ခံစာကို အသင်းသားစာရင်းစစ် ဦးမြင့်ထွန်းကလည်းကောင်း ဖတ်ကြား တင်သွင်းကြသည်။

ယင်းနောက် သဘာပတိက အစီရင်ခံစာများကို အသင်းသားများထံမှ အတည်ပြုချက်ရယူသည်။

ပြန်လည်ရွေးချယ်

ထို့နောက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် ဥက္ကဋ္ဌဦးစန်းဝင်း၊ ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦးနှင့် အသင်းသားစာရင်းစစ် တစ်ဦးတို့ကို ပြန်လည်ရွေးချယ်ကြသည်။

(မြန်မာ့အလင်း)

ဒုတိယအကြိမ် အလေးမ သက်ကြီးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က အသက်(၇၅)နှစ်နှင့်အထက် မြန်မာ့လက်ရွေးစင် အလေးမ အားကစားသမားကြီးများနှင့် မြန်မာအလေးမအားကစားတိုးတက်ရေးအတွက် ဦးဆောင်ပေးခဲ့ကြသော ပုဂ္ဂိုလ်များအား ဒုတိယအကြိမ် သက်ကြီးဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၂၄ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသက်(၇၅)နှစ် ပြည့်ပြီးသော အလေးမလောကမှ ပုဂ္ဂိုလ်များသည် ဒုတိယအကြိမ် သက်ကြီးဂုဏ်ပြုပူဇော်ပွဲသို့ ကြွရောက်ကန်တော့ခံပါရန်နှင့် အလေးမ လောကသားများအနေဖြင့်လည်း သက်ကြီးဂုဏ်ပြုပူဇော်ပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ဖုန်း-၃၈၈၁၆၀သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ခရမ်းချဉ်သီးကိုပုံမှန်စားသုံးပေးပါလျှင် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု လျော့ကျနိုင် ဟုဆို

ခရမ်းချဉ်သီးတွင် ပါဝင်သော အရောင်ခြယ်ပစ္စည်းများသည် အချို့သော ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း သုတေသနပြုချက် အသစ်တစ်ရပ်၌ ဖော်ပြထားသည်။

ခရမ်းချဉ်သီးတွင် အင်တီအောက်စီးဒင့် သို့မဟုတ် ဓာတ်တိုးပစ္စည်း ဆန့်ကျင်မှုဓာတ်များကို တွေ့ရှိရသဖြင့် ကင်ဆာကဲ့သို့သော ရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင် ကြောင်းသိရသည်။

တွေ့ရှိ

တစ်ဖန် ခန္ဓာကိုယ်တွင်းဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး ကြွက်သားမျှင်များနှင့် တစ်သျှူးများသန်မာမှုကိုလည်း အထောက်အကူပြုပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။ ထို့အပြင် မျိုးဗီဇပျက်စီးမှုကိုလည်း ဟန့်တားပေးနိုင်ကြောင်း။ သွေးကလာပ်စည်းများပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်သည်။

ပြောကြား

ထို့ကြောင့် ခရမ်းချဉ်သီးကို ပုံမှန်စားသုံးခြင်းဖြင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု လျော့ကျစေနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလု ပဲခူးတိုင်းအသင်းအနိုင်ရ

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပရာ ပဲခူးတိုင်းအသင်းက မန္တလေးတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှောင်လေဝေးဝေး မူးယစ်ဆေး



ဗင်နီဇွဲလားသို့ သဘာဝဓာတ်ငွေ့တင်ပို့နေမှု ကိုလံဘီယာ ရပ်ဆိုင်းတော့မည်ဟုဆို

ဘိုဂိုတာ စက်တင်ဘာ ၁၉

ကိုလံဘီယာနိုင်ငံမှ ဗင်နီဇွဲလားသို့ သဘာဝဓာတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ရက်တွင် နိုင်ငံပိုင် သဘာဝဓာတ်ငွေ့ အီကိုပက်ထရိုကုမ္ပဏီ(အေအက်ဖ်ပီ)က ပြောကြားသည်။

ယင်းသို့ သဘာဝဓာတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းရခြင်းမှာ နှစ်နိုင်ငံကြား လက်ရှိ သံတမန်ဆက်ဆံရေးကြောင့် မဟုတ်ဘဲ လုပ်ငန်းဆိုင်ရာ နည်းပညာအကြောင်း ရင်းကြောင့်သာဖြစ်ကြောင်း ထပ်လောင်း ပြောကြားသည်။

ကိုလံဘီယာမှ ဗင်နီဇွဲလားသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း၂၅၀ ခန့်တင်ပို့နိုင်ခဲ့ရာ ယခုနှစ် ပထမခုနစ်လ အတွင်း ၄င်းနှစ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ တင်ပို့မှု ၂၈ဒသမ၈ ရာခိုင်နှုန်း လျော့ကျ လျက်ရှိရာ ယခင်နှစ် အလားတူကာလက ထက် ၁၉ဒသမ၆ ရာခိုင်နှုန်း ပိုမိုကျဆင်းခဲ့ သည်။ ကိုလံဘီယာသမ္မတ အယ်ဗာရို၏ သဘာဝဓာတ်ငွေ့တင်ပို့မှုရပ်ဆိုင်းမှုအပေါ် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကုန်သွယ်မှုကဏ္ဍ ထိန်းချုပ်မှုတစ်ရပ်သာ ဖြစ်သည်ဟု ဆို၏။ **(အင်တာနက်)**

ဘာရာဇီးနှင့်အမေရိကန်နှစ်နိုင်ငံ ဟေတီ၌ စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံကြမည်

ဘာရာဆီးလီးယား စက်တင်ဘာ ၁၉

ဘာရာဇီးအစိုးရနှင့် အမေရိကန်အစိုးရတို့သည် ဟေတီနိုင်ငံ၌ စက်မှုကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို စက်တင်ဘာ ၁၇ရက်က အတည်ပြု လက်မှတ်ရေးထိုး လိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထောက်ကူ

အဆိုပါ သဘောတူညီမှုအရ နှစ်နိုင်ငံ ကုန်ပစ္စည်းတင်ပို့မှုကဏ္ဍတွင် အကောက် ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပြီး ယင်းသို့ ကင်းလွတ်ခွင့်ပြုခြင်းဖြင့် ဟေတီနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးကို အထောက် အကူဖြစ်စေကြောင်း သိရသည်။

ပြောကြား

ယင်းသဘောတူညီမှုသည် အမေရိကန်၊ ဘာရာဇီးနှင့် ဟေတီနိုင်ငံများမှ ကုမ္ပဏီများကိုလည်း အကျိုးအမြတ်ဖြစ်ထွန်းစေမည် ဖြစ်ကြောင်း ဘာရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆယ်ဆိုအာမိုရမ်က ပြောကြားသည်။ **(အင်တာနက်)**

ဗီယက်နမ်၏ ယခုနှစ်ပင်လယ်စာတင်ပို့မှု ကန်ဒေါ်လာ ၄ဒသမ ၄ဘီလီယံရရှိရန် မျှော်မှန်းထား

ဟန္နိုင်း စက်တင်ဘာ ၁၉

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ဒသမ ၄ဘီလီယံ ရရှိရန်မျှော်မှန်းထားကြောင်း၊ ယင်းမှာ ယမန်နှစ်ကထက် ၂ဒသမ ၂ရာခိုင်နှုန်း ကျဆင်းမှုပင်ဖြစ်ကြောင်း၊ ဗီယက်နမ် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ကျဆင်း

ယခုနှစ် ပထမရှစ်လအတွင်း ပင်လယ်စာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၆၅ဘီလီယံရရှိခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၇ဒသမ၉ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

တင်ပို့

ဗီယက်နမ်နိုင်ငံသည် ပင်လယ်စာများကို အမေရိကန်၊ ဥရောပနိုင်ငံများ၊ ဂျပန်၊ ရုရှား၊ ကိုရီးယားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ အဓိက တင်ပို့ပေးလျက်ရှိသည်။ **(အင်တာနက်)**

အာကာသယာဉ်မှူးများ

ရုရှားနိုင်ငံရှိ ဘိုင်ကိုနော့ အာကာသစခန်း၌ ရုရှား၊ အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ အာကာသယာဉ်မှူးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်နေသည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း

အမေရိကန်နိုင်ငံ ချီကာဂိုတက္ကသိုလ်ရှိ သုတေသနပြတိုက်တွင် ပြသထားသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)



အာဖဂန်၌ တာလီဘန်အကြမ်းဖက်မှု ပိုမိုဆိုးရွား

ကဘူးလ် စက်တင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ စက်တင်ဘာ ၁၈ရက်က နိုင်ငံစုံတပ်ဖွဲ့ အခြေစိုက်စခန်းနှင့် အမေရိကန်သံရုံးအနီး တွင်ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာခြောက်ဦး သေဆုံးပြီး ၃၉ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ပစ်မှတ်ထား

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် အာဖဂန်ရှိ နိုင်ငံစုံတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ရာမှ အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရပြီး ပြင်းထန်စွာဒဏ်ရာရရှိသူများမှာလည်း ထပ်မံသေဆုံးဖွယ်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အာဖဂန်၌ တာလီဘန်စစ်သွေးကြွများ၏ အသေခံဗုံးဖောက်ခွဲမှုနှင့် လမ်းဘေးဗုံးဖောက်ခွဲမှုများ ပိုမိုဆိုးရွားစွာ ဖြစ်ပွားလျက်ရှိသည်။ **(အင်တာနက်)**

ဆိုမာလီတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား အယ်လ်ရှာဘတ်အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်

မိုဂါဒစ်ရှူး စက်တင်ဘာ ၁၉

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ စက်တင်ဘာ ၁၇ရက်က အာဖရိကသမဂ္ဂ (အေယူ) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ အခြေစိုက်ရုံးအနီးတွင် အင်အားပြင်းသည့် ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ကြောင်း ဒေသအာဏာပိုင်အဖွဲ့မှ သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ယင်းဖြစ်ပွားမှုကြောင့် အရပ်သားတစ်ဦးနှင့် ဆိုမာလီတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့မှ ခြောက်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသည်။

ဖော်ပြ

၄င်းအကြမ်းဖက် တိုက်ခိုက်မှုများသည် ဆိုမာလီနိုင်ငံခေါင်းဆောင်အား ဆန့်ကျင်နေသည့် အယ်လ်ရှာဘတ် အကြမ်းဖက်သမားများ၏လက်ချက်ဖြစ်ပြီး ဆိုမာလီတောင်ပိုင်းရှိ အမေရိကန် အခြေစိုက်စခန်းများကို စက်တင်ဘာ ၁၆ရက်က တိုက်ခိုက်ခဲ့မှုတွင် အယ်လ်ခိုင်ဒါအဖွဲ့မှဟု ယူဆရသူတစ်ဦးသေဆုံးကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဆိုမာလီနိုင်ငံ၌ ပင်လယ်ဓားပြများ နှိမ်နင်းရန် နေတိုးဦးဆောင်သော ရေတပ်လုံခြုံရေးတပ်ဖြန့်ချထားရာမှ ပြင်သစ်လုံခြုံရေးတပ်ဖွဲ့က ဆိုမာလီ ရေပိုင်နက်မှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ **(အင်တာနက်)**



စွမ်းအင်ထုတ်ကုန်ပြပွဲ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဝူရှီမြို့၌ ကျင်းပသည့် နိုင်ငံတကာစွမ်းအင်ဆိုင်ရာ ထုတ်ကုန်ပြပွဲကို စက်တင်ဘာ ၁၈ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကာချာပါဟာဒေသ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၃၃ဦးသေဆုံး၊ ၃၅ဦးထိခိုက်ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူစည်ကားရာ ကျေးရွာဈေးတန်းအတွင်း စက်တင်ဘာ ၁၈ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၃၃ဦးသေဆုံးပြီး ၃၅ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

တိုက်ခိုက်

ကိုဟတ်မြို့မှ ၂၅ကီလိုမီတာအကွာ ကာချာပါဟာဒေသရှိ လူစည်ကားရာ ကျေးလက်လမ်းဘေးဈေးသို့ အသေခံဗုံးခွဲသမားသည် ၄င်း၏ကားအတွင်း ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်လာပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်

ယင်းဖောက်ခွဲမှုကြောင့် လမ်းတစ်ဖက်တစ်ချက်ရှိ ဆိုင်များနှင့်အဆောက်အအုံများ ပြိုကျပျက်စီးသွားသည်။ ဒဏ်ရာရရှိသူများအနက် အများစုမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ကိုဟတ်ဆေးရုံသို့ ခေါ်ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း အဆောက်အအုံပျက်များအကြား၌ ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။
(အင်တာနက်)

အနိုင်ရလိုစိတ်ပိုမိုပြင်းထန်သောအသင်းသာ အနိုင်ရသွားမည့်

မကွေးနှင့်ရန်ကုန်တို့ ထိပ်တိုက်တွေ့မည့် ပွဲကြီး

သုံးသပ်ရေးသားသူ - မြန်မာလိဂ်လေ့လာသူတစ်ဦး ➤ စာမျက်နှာဖွဲ့စည်းမှု- လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ ၂၀ရက် **(ယနေ့)** သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ကြမည့်ပွဲစဉ်မှာ MNL Grand Royal 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များထဲတွင် စိတ်လှုပ်ရှားစရာ အကောင်းဆုံးပွဲဖြစ်လာနိုင်သည်။

အပြိုင်အဆိုင်

ရန်ကုန်ယူနိုက်တက်အသင်းမှာပြီးခဲ့သော MNL Cup ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သောကြောင့် ယခုအမှတ်ပေးပြိုင်ပွဲတွင် ပိုမို အောင်မြင်မှုရှိစေရန် ပြင်ဆင်မှုများစွာ ပြုလုပ်ထားသောအသင်းဖြစ်သည်။ မကွေးအသင်းမှာလည်း ယခုပြိုင်ပွဲအတွက် ရည်မှန်းချက်မြင့်မားစွာထားပြီး တောင့်တင်းသော ကစားသမားအင်အားကို နိုင်ငံခြားသား ကစားသမား ငါးဦး ထပ်ဖြည့်ကာ အထူးပြင်ဆင်ထားသည့် အသင်းဖြစ်သည်။

သို့သော် ရန်ကုန်ရော မကွေးပါ မျှော်မှန်းထားသလောက် ခြေစွမ်းမပြနိုင်သေးသကဲ့သို့ ရလဒ်ပိုင်းကလည်း သူတို့ပရိသတ်များအတွက် အားမလိုအားမရဖြစ်ချင်စရာပင်။ ရန်ကုန်က သုံးပွဲကစားအပြီး တစ်ပွဲသာနိုင်ကာ နှစ်ပွဲရှုံးထားသည့်အတွက် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အင်္ဂလန်သား နည်းစနစ်ဒါရိုက်တာတစ်ဦးကို မြင့်မားသည့်လစာပေး၍ ခေါ်ယူအားဖြည့်ထားသည်။ မကွေးအသင်းဆိုလျှင်လည်း အတွေ့အကြုံရှိသည့် နည်းပြအဖွဲ့နှင့် ကစားသမားကောင်းများ ရှိနေလျက်နှင့် ပွဲရလဒ်မကောင်းသေးဘဲ ယခုချိန်အထိ သရေနှစ်မှတ်သာ ရရှိသေးသည်။ နှစ်သင်းစလုံး၏ ခြေစွမ်းနှင့်ကစားပုံမှာ အတိုင်းအတာတစ်ခုအထိ ကောင်းမွန်သော်လည်း ပွဲချိန် နှောင်းပိုင်းတွင် မထင်မှတ်သည့် အားနည်းချက် အမှားလေးတွေကိုယ်စီပေါ်လာတတ်ပြီး မမျှော်လင့်သောရလဒ်ဆိုးများနှင့်ကြုံတွေ့ရကာ အဖိုးတန်အမှတ်များကို ဆုံးရှုံးခဲ့ရသည်။

အသည်းပေါက်မတတ်

ဖိအားကိုယ်စီရှိနေသော အသင်းကြီးနှစ်သင်းဖြစ်၍ အသင်းဂုဏ်သိက္ခာနှင့် အနာဂတ်အတွက် ယခုပွဲတွင်ရလဒ်ကောင်းအောင် အသည်းပေါက်မတတ် ကြိုးစားကြမှာ သေချာသည်။ ရန်ကုန်အသင်း၏နည်းစနစ်ဒါရိုက်တာအသစ်အနေဖြင့် သူ့အသင်းကို ပုံစံကောင်းရလာရန် မည်သို့ကူညီဖြေရှင်းသွားမည်ဆိုသည့် အချက်က စိတ်ဝင်စားစရာကောင်းနေသလို ဦးတင်ဟန်၊ ဦးကြည်လွင်တို့လို နည်းပြများနှင့် တောင့်တင်းသော ကစားသမားစုဖွဲ့မှုရှိနေသော မကွေးအသင်းမှာလည်း မည်သည့်အပိုင်း၊ မည်သည့်နေရာတွင် အားနည်းနေသည်ကို အဖြေရှာရမည့် ပွဲပင်ဖြစ်သည်။

အနိုင်ရချင်စိတ်ပိုသူ

နှစ်သင်းစလုံးကလည်း အမှတ်သိပ်လိုနေသော အသင်းများဖြစ်သကဲ့သို့ တကယ်ခြေမှန်ပေါ်လျှင် နှစ်သင်းစလုံး၏ ခြေစွမ်းမှာပရိသတ်ကို ဖျော်ဖြေမှုအပြည့်ပေးစွမ်းနိုင်သည့် အနေအထားရှိနေသောကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေစောင့်ကြည့်သင့်လှသည်။ သေချာသည့်အချက်ကတော့ ယခုပွဲမှာနှစ်သင်းစလုံးအတွက် ခက်ခဲသော ပွဲဖြစ်သောကြောင့် ပွဲချိန်ပြည့် အနိုင်ရချင်စိတ်အပြည့်နှင့် အကောင်းဆုံးယှဉ်ပြိုင်ကစားနိုင်သော အသင်းက ချိုမြိန်သောအရသာကို ခံစားခွင့်ရသွားပေလိမ့်မည်။ ။

(မြန်မာ့အလင်း)

နိုင်ငံခြားသား နည်းစနစ်ဒါရိုက်တာ အသစ်နှင့် ပွဲထွက်လာမည့် ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C ။

ရန်ကုန်ယူနိုက်တက်အသင်းကို မဖြစ်မနေ အနိုင်ကစားမည့် မကွေး F.C ။

သာယာဝတီနှင့်ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်သည် စက်တင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

မှာကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အမှတ်(၂) ကျောင်းလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကွဲခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ သဲရေစစ်ကန်မှတစ်ဆင့် မြို့ရေပေးရေးဆောင်ရွက်ထားရှိမှုနှင့် ဆွေးနွေးဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်ခန်းမတွင် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ပြည်ခရိုင်နှင့်သာယာဝတီခရိုင်တို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

တရုတ်အရှေ့ပိုင်းကမ်းလွန်၌ ငါးဖမ်းသင်္ဘောနစ်မြုပ်

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် အရှေ့ပိုင်းကမ်းလွန်တွင် စက်တင်ဘာ ၁၉ ရက်က ငါးဖမ်းသင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဖမ်းလုပ်သားနှစ်ဦး သေဆုံးပြီး လေးဦးပျောက်ဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် စက်တင်ဘာ ၁၉ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ၄ ရှိသော အင်အားပြင်းငလျင်လှုပ်ခဲ့ရာ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

မက္ကဆီကိုအရှေ့ပိုင်း၌ ရေလွှမ်း

မက္ကဆီကိုနိုင်ငံအရှေ့ပိုင်း ဗီရာခုဇ်ပြည်နယ် ဆာလာပါမြို့၌ စက်တင်ဘာ ၁၉ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားရာ နေအိမ်အဆောက်အအုံ ၂၄၀၀ ကျော် ရေနစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူအများအပြားရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း မက္ကဆီကိုနိုင်ငံအရေးပေါ်ကယ်ဆယ်ရေးဌာနမှ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးဖြစ်ရေး ဘရာဇီးရပ်တည်နိုင်ရန် ကြိုးပမ်းသွားမည်ဟုဆို

ဘရာဇီးနိုင်ငံသည် လာမည့် ၁၀နှစ်မှ ၁၅နှစ်အတွင်း ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက စက်တင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာ တန်ဖိုးများကျဆင်းလျက်ရှိရာ ဂျပန်ဈေးကွက်တွင် စက်တင်ဘာ ၁၉ရက် ဈေးပိတ်ချိန်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်း ၉၂ယန်းသာ ရှိခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

ရုရှားက တာတိုပစ်ဒုံးပျံများ ရုပ်သိမ်းမည်

ရုရှားနိုင်ငံအနေဖြင့် တာတိုပစ်အစ်ကန်ဒါဒုံးပျံများဖြန့်ချထားမှုကို ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း၊ ယင်းမှာ အမေရိကန်က ဥရောပအရှေ့ပိုင်း၌ဖြန့်ချထားသော ဒုံးပျံကာကွယ်ရေးစနစ် ရုပ်သိမ်းပြီးလျှင်ဖြစ်ကြောင်း ရုရှားအရာရှိများက စက်တင်ဘာ ၁၉ ရက်၌ အတည်ပြုပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့၌ မီးလောင်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တောင်ပိုင်း၌ ကုန်သွယ်ရေးအဆောက်အအုံတစ်လုံး စက်တင်ဘာ ၁၉ရက်က မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံအစိတ်အပိုင်းအများအပြားမီးလောင်ကျွမ်းခံရပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း လော့စ်အိန်ဂျလိစ်မြို့ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း ဆန်တိုစ်မြို့၌ ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆန်တိုစ်မြို့အနောက်မြောက်ဘက်တွင် စက်တင်ဘာ ၁၉ ရက်၌ ရစ်ချ်တာစကေး ၆ဒသမ၁ အင်အားရှိသော မြေငလျင် နှစ်ကြိမ်လှုပ်သွားရာ ထိခိုက်ပျက်စီးမှု မသိရှိရသေးကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ ။

(အင်တာနက်)

* *ရှေ့ဖုံးမှ*

ကားဖြင့်သွားရသောလမ်းခရီးတို့၌ လမ်းချော၊ လမ်းကောင်းက မောင်းရသောကားများကို လိုက်ပါစီးနင်းဖူးသလို လမ်းဆိုး၊ လမ်းပျက်၊ ချိုင့်ခွက်ထူသောလမ်းများကို ဖြတ်ကျော်မောင်းနှင်ရသည့် ကားများကိုလည်း စီးခဲ့ဖူးပါသည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းသွားသည့် ကားလမ်းခရီးများ၌ ကားနှစ်စီးစာခန့် ကုန်များကို တစ်စီးတည်း အမောက်အလျှံတင်၍ မောင်းနှင်သော အဆမတန်ကြီးမားသည့် ကားကြီးများကိုလည်း တွေ့ရသည်။ ''သည်လမ်းနှင့်သည်ကားကြီးများ သည်အတိုင်းသာ စခန်းသွားကြလျှင်တော့ . . .'' ဆိုသည့် အတွေးသည် ခေါင်းထဲဝင်လာပါသည်။

သို့ဖြစ်၍ ''ယနေ့ခေတ်မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ'' အကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သွားရောက်တွေ့ဆုံမေးမြန်းပြီး ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံသည် အာရှတိုက်၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေသည်။ အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ကျော် ကျယ်ဝန်းသည်။ မြန်မာနိုင်ငံသည် အလွန်မြင့်မားသော နှင်းပွင့်ဖုံး တောင်တန်းကြီးများ၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းအစရှိသော မြစ်ကြီးများနှင့် ကမ်းလွန်ပင်လယ်အသွယ်သွယ်တို့က ရစ်ခွေဝိုင်းရံထားကြသဖြင့် အရှေ့တောင်အာရှ၌ အလှဆုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း၌ ကရင်၊ ကချင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော ပြည်ထောင်စုဖွား တိုင်းရင်းသားတို့နေထိုင်ကြပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မီးရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများရှိသော်လည်း အဓိကလမ်းမှာ မော်တော်ကားလမ်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့်ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး နိုင်ငံသားတို့၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက လမ်းများဖောက်၍ တံတားများဆောက်လုပ်ပေးလျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံတွင် နိုင်ငံ၏အထက်ပိုင်းနှင့်အောက်ပိုင်း ဆက်သွယ်သွားလာနေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏အရှေ့ခြမ်းမှာသာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်သွားလာ နေနိုင်ကြပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးစသည့် အကျိုးကျေးဇူးများရရှိလာနိုင်သဖြင့် နိုင်ငံတော်အစိုးရသည် ဝန်ကြီးဌာနများကို ခွဲဝေ တာဝန်ပေးခဲ့ရာ တည်ဆောက်ပြီးစီးခဲ့သော လမ်းမိုင်ပေါင်းမှာ ၂၀၀၈ခုနှစ် မှတ်တမ်းအရ အောက်ပါအတိုင်း ဖြစ်ကြောင်း သိရပါသည်-

		မိုင်	ဖာလုံ
၁။	**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊**		
	-လမ်းမကြီးများ	၁၁၂၅၉	၀
	-မြို့ချင်းဆက်လမ်းများ	၈၀၅၄	၇
၂။	**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**		
	-မြို့တွင်းလမ်းများ	၅၉၉၀	၄
	-ကျေးလက်လမ်းများ	၃၉၄၃၈	၃
	-နယ်စပ်ဒေသလမ်းများ	၆၄၁၄	၅
၃။	**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**		
	-ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိလမ်းများ	၁၉၅၁	၆
၄။	**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**		
	-မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိလမ်းများ	၆၀၅	၃ ဒသမ ၇၅
၅။	**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**		
	-နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်းလမ်းများ	၃၃၄	၁ ဒသမ ၅
၆။	**စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး**		
	-မဟာဗျူဟာလမ်းများ	၄၂၉၆	၃

စသည်တို့ဖြစ်ပြီး နိုင်ငံတော်၏ အဓိကဆက်သွယ်ရေးလမ်းများဖြစ်သည့် လမ်းမကြီးများနှင့် မြို့ချင်းဆက်သွယ်လမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တာဝန်ယူရသော ဝန်ကြီးဌာနမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်သည်။

ဝန်ကြီးဌာန၏ နောက်ခံသမိုင်း

ပြည်သူ့လုပ်ငန်းဌာန Public Works Department (PWD) ကို ၁၈၈၈ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆောက်အအုံ လမ်းဌာနခွဲနှင့် ဆည်မြောင်းဌာနခွဲတို့ရှိပါသည်။ ၁၉၂၂ခုနှစ်တွင် အဆောက်အအုံနှင့်လမ်းဌာနခွဲကို ဒိုင်အာခီအစိုးရမှ လွှဲယူခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ပြန်လည်ထူထောင်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့်အထိ တိုးချဲ့ဖွဲ့စည်းခဲ့ခြင်း၊ ၁၉၅၁ခုနှစ်တွင် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ပြည်သူ့လုပ်ငန်းဌာနမှ အဆောက်အအုံလုပ်ငန်းများလွှဲယူပြီး ပြည်သူ့လုပ်ငန်းဌာနကို ၁၉၅၂ခုနှစ်တွင် လမ်းလုပ်ငန်းဌာန Highway Department ဟု အမည်မှည့်ခေါ်ခဲ့သည်။ လုပ်ငန်းများ များပြားလာသဖြင့် အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာနဟု ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၅၄ခုနှစ်တွင် လမ်းလုပ်ငန်းဌာနမှ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာဌာန၊ သန့်ရှင်းရေးအင်ဂျင်နီယာဌာနတို့ကို ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့နှင့်ပူးပေါင်းပြီး ဝန်ကြီးဌာနကိုလည်း ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာနဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။ ထို့နောက် ၁၉၇၂ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအဖြစ် ပြုပြင်ဖွဲ့စည်းခဲ့သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ နောက်ခံသမိုင်း

၁၉၅၂ခုနှစ်တွင် ဖွဲ့စည်းခဲ့သော လမ်းလုပ်ငန်းဌာန Highway Department အား အခြားဝန်ကြီးဌာနလက်အောက်မှ မြို့ပြအင်ဂျင်နီယာဌာန(၂၁)ခုနှင့်ပူးပေါင်း၍ ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်း Public Works Corporation အဖြစ် ၁၉၆၅ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်း Construction Corporation (CC) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် ၁၉၈၈ခုနှစ် ဧပြီ ၁ရက်နေ့မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း Public Works အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းသစ်များဖောက်လုပ်ခြင်း၊ရှိပြီးလမ်းများကို တိုးတက်အောင်ပြုပြင်ခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ခုနှစ်တွင် လမ်းမိုင်အရှည်စုစုပေါင်း ၁၃၆၃၅မိုင်ရှိခဲ့ရာမှ ၂၀၀၉ခုနှစ် မေလတွင် လမ်းအရှည်စုစုပေါင်း ၁၉၉၉၉မိုင် ၁ဖာလုံရှိလာသဖြင့် ၆၃၆၄မိုင် ၁ ဖာလုံ တိုးတက်လာခဲ့ကြောင်း သိရပါသည်။ အဓိကကျသည့် Mule Tracks ကားလမ်း ၉၈၄မိုင်ကိုလည်း တာဝန်ယူထိန်းသိမ်းထားလျက်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

သစ်လုံးတင်ကားများသည် သတ်မှတ်ချက်ထက်ကျော်လွန်၍ ဝန်ပိုတင်ဆောင်ပြီး လမ်းများပေါ်၌ ဤသို့ မောင်းနှင်သွားလာလျက် ရှိကြသည်။ ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းသစ်များဖောက်လုပ်ခြင်း၊ ရှိပြီး လမ်းများကို တိုးတက်အောင်ပြုပြင်ခြင်းတို့ကို တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်၍ အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် လမ်းမိုင်အရှည် စုစုပေါင်း ၁၃၆၃၅မိုင်ရှိခဲ့ရာမှ ၂၀၀၉ခုနှစ် မေလတွင် လမ်းအရှည်စုစုပေါင်း ၁၉၉၉၉မိုင် ၁ ဖာလုံရှိလာသဖြင့် ၆၃၆၄မိုင် ၁ ဖာလုံ တိုးတက်လာခဲ့။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ နေပြည်တော်-ရန်ကုန်လမ်း အပိုင်းကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း- ဆောက်လုပ်ရေး

20-9 (06).pmd 1 9/19/2009, 2:17 PM

မော်လမြိုင် ကောလိပ်/တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၉

မော်လမြိုင် ကောလိပ်/တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက်တွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၀ရက်တွင် အသက် (၆၅)နှစ်ပြည့်ပြီး အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများ၏ အမည်စာရင်းများ မကျန်စေရေး အတွက် ဦးရဲမြင့် ဖုန်း-၀၉-၅၀-၃၃၆၉၃၊ ဦးဝင်းတီ ဖုန်း-၀၉-၅၁-၁၈၁၈၄၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀-၁၅၆၈၄၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၀၉၄၄၁၊ ဦးတင်လှ (ပဲခူး) ဖုန်း-၀၅၂-၂၂၅၂၄၊ SSဦးကျော်ဝင်း(မော်လမြိုင်) ဖုန်း-၀၅၇-၂၄၆၄၄၊ ဦးအောင်ကြည်ဦး ဖုန်း-၀၅၇-၂၄၆၁၇၊ ဦးအောင်ကျော်ခင် ဖုန်း-၀၅၇-၂၂၆၈၊ ဦးမြင့်ဟန် (သထုံ) ဖုန်း-၀၉-၈၇-၂၀၄၆၀၊ ဦးစောထင်ကြေး (ဘားအံ) ဖုန်း-၀၅၈-၂၁၁၆၃တို့သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ခရိုင်အဆင့် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နေပြည်တော်တပ်ကုန်း၌ကျင်းပ

နေပြည်တော်တပ်ကုန်း စက်တင်ဘာ ၁၉

နေပြည်တော်ခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂၂ရက်က နေပြည်တော်တပ်ကုန်း အောင်ဆန်းခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ***(အောက်ပုံ)***

သီဆိုဖျော်ဖြေ

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဂီတအနုပညာရှင်များဖြစ်ကြသော ဒေါ်ဝါဝါရွှေက ဇေယျာကမ်းအလှ၊ ဒေါ်နွဲ့နွဲ့ဝင်းက ဂီတအခြေခံ၊ ဦးလှငွေက အသီးတစ်ရာအညှာတစ်ခု သီချင်းများဖြင့် သီဆိုဖျော်ဖြေ ဧည့်ခံသည်။

ဆုချီးမြှင့်

ထို့နောက် (၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး သြဂုတ်၂၃ရက်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအား ဆုများချီးမြှင့်ကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဒေသခွဲအဆင့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲ
သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် (National Commission for Environmental Affairs-NCEA) က ကြီးမှူး၍ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP) ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခွဲအဆင့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသားအိုဇုန်းကော်မတီအဖွဲ့ဝင်များ၊ အိုဇုန်းယူနစ်အဖွဲ့ဝင်များ၊ UNFCC-INC Project နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်မှ Mr. Thanavat Junchaya (Regional Network Coordinator-UNEP) က ဒေသခွဲအဆင့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် Vienna News Release (VNR) ဗီဒီယိုကိုပြသပြီး UNEP ၏ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်လက်ဆောင်ကို Mr.Thanavat Junchaya က ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ပေးအပ်သည်။ ဆက်လက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စာတမ်းဖတ်ပွဲကို ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဗန်းမော်မြို့နယ်စည်ပင် ရေနုတ်မြောင်းတူးဖော်

ဗန်းမော် စက်တင်ဘာ ၁၉

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် မြို့တွင်း လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဗလမင်းထင်လမ်းဘေး ဝဲယာရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို သြဂုတ် ၁၆ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်ဇော်ဦး ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်တို့ စက်တင်ဘာ ၁၄ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကွဲ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဇော်က ကနေသည် သမ္မတနှင့် သွင်၌ ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၁၉

ဇော်က ကနေသော နေတိုးတစ်ယောက် ဟဲဗီးဖြိုးလေးကြောင့် အရက်သမားလုံးလုံး ဖြစ်သွားရသော်လည်း ဟဲဗီးဖြိုးလေးက နေတိုး၏ အနစ်နာခံမှုကြောင့် လမ်းဘေးဆေးသည် ဘဝမှ ဆေးကုသော ဆရာဝန်လေးဖြစ်သွားရပုံများကို အခြေခံ ရိုက်ကူးထားသော ဇော်က ကနေသည် ဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာစတီဗင်ဆွန်မားရိုက်ကူးပြီး ဆီယင်နာမီလာနှင့် ချန်းနင်းတက်တမ်တို့ ပါဝင်သရုပ်ဆောင်ထားသော **G.I. Joe: The Rise of Cobra** အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ မြို့တစ်မြို့လုံးကို ဖျက်ဆီးနိုင်သည့် နာနို နည်းပညာသုံးလက်နက်နှင့်ပတ်သက်၍ **G.I. Joe:** အထူးတပ်ဖွဲ့နှင့် လူဆိုးအဖွဲ့တို့ အကြား ယှဉ်ပြိုင်တိုက်ခိုက်ကြပုံများကို အက်ရှင်ခန်းများဖြင့် ရိုက်ကူးပြသထားသည်။

ဒါရိုက်တာ ဂျွန်ဝူး၏ **Red Cliff** ရာဇဝင်သိုင်းကားမှာ မင်္ဂလာရုံတွင် တစ်ကျော့ပြန်ရုံဝင်လာပြီး ရှေ့ဆောင်ရုံတွင် **The Taking of Phelham 123** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

ဇော်က ကနေသည် ဇာတ်ကားမှ နေတိုး၊ နန္ဒာလှိုင်နှင့် ဟဲဗီးဖြိုးတို့၏ ကြည်နူးဖွယ်ဇာတ်ဝင်ခန်း။



G.I. Joe: The Rise of Cobra အက်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခု။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် နာမည်ကြီးသရုပ်ဆောင် အမီးခန်းနှင့် ခရစ်ရှမာကပူးရ်တို့ ပါဝင်ထားသော **Raja Hindustani** ဇာတ်ကား ရုံဝင်လာသည်။ ဘုရင့်ရုံတွင် မင်းသားရာရှွတ်ခန်နှင့် ဂျူဟီချူဝါလားတို့ ပါဝင်ထားသည့် **One2 Ka 4** ဇာတ်ကား ပြသလျက်ရှိသည်။

ချစ်လို့စတာ

ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးပြီး ကျော်ရဲအောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ပါဝင်ထားသည့် **ချစ်လို့စတာ** ဟာသဇာတ်မြူးကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေသည်။ တောင်ဥက္ကလာ ပဒေသာရုံတွင် **ဘယ်သူ့ကို အချစ်ဆုံးလဲ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။

တူသောအကျိုး

လူမင်း၊ ခိုင်ခန့်၊ ထွန်းအိန္ဒြာဗို၊ မေသက်ခိုင်တို့ပါဝင်ထားသော **တူသောအကျိုး** ဘဝသရုပ်ဖော် ဒီဗွီဒီဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်နှင့် ဝဇီရာ(၂)ရုံများတွင် ရုံဝင်လာသည်။ သမီးလေး ဆရာဝန်ဖြစ်ဖို့ အကုသိုလ်အလုပ်ဖြင့် ငွေရှာရင်း တူသောအကျိုး ပေးသွားသည့် မိသားစုအကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆီဆိုင်မြို့၌ ကျင်းပ

ဆီဆိုင် စက်တင်ဘာ ၁၉

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ဆီဆိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၈ရက် နံနက် ၉နာရီခွဲက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဆီဆိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတိုးအောင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းကာ ပြည်-တောင်ငူကားလမ်းဘေးရှိ ဗိုလ်ချုပ်ကြေးရုပ်အဝိုင်းတွင် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇာခြည်နု ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

လွတ်ငြိမ်းသက်သာခွင့်နှင့်အတူ နိုင်ငံတော်တည်ဆောက်ရေးအင်အား တိုးပွားလာခြင်း

ဦးမျိုးမြင့်(ဥပဒေ)

နိုင်ငံတစ်ခုမှ နိုင်ငံသားပြည်သူများ တိုးတက်ချမ်းသာကြွယ်ဝလာပြီး လူနေမှုအဆင့်အတန်း မြင့်တက်လာစေရန် ယင်းနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံ ဖြစ်ရပေမည်။ သို့မှသာ မိမိတို့နိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတ အရင်းအမြစ်များဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်ကြပေမည်။ နိုင်ငံ အချုပ်အခြာအာဏာကို တိုင်းတစ်ပါးသား နယ်ချဲ့ကျူးကျော်သူများက လုယက်ယူထားပြီဆိုပါက ယင်းနိုင်ငံ၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ၊ ထွက်ကုန်သီးနှံများ၊ စက်မှုလက်မှုထွက်ကုန်များ၊ အဖိုးတန် ကျောက်မျက်ရတနာများအားလုံး ယင်းနယ်ချဲ့သမားတို့လက် လုံးဝကျရောက်သွားပေမည်။ မူလနိုင်ငံသားများ ဖိနှိပ်ညှဉ်းပန်းခံရမည်။ ခြယ်လှယ်သွေးစုပ်ခံရမည်။ ဆင်းရဲမွဲတေပြီး လူလုံးမလှဘဲ နေကြရမည်။ အင်္ဂလိပ်လက်အောက် ရောက်ခဲ့ရသည့် မြန်မာတို့ ထိုဒဏ်ကို ရာစုနှစ်တစ်ခုမက ခံခဲ့ရပြီးပေပြီ။

လွတ်လပ်သော နိုင်ငံဖြစ်သော်လည်း အချင်းချင်း မညီမညွတ်ဖြစ်ကာ တိုက်ခိုက်ဆူပူသောင်းကျန်းနေကြမည် ဆိုလျှင် သူ့ကျွန်ဘဝကကဲ့သို့ပင် ပြည်သူတို့ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ၊ သွားကောင်းခြင်း မသွားရ၊ လာကောင်းခြင်း မလာရဖြင့် ကောင်းကောင်း မွန်မွန် နေနိုင်ကြမည် မဟုတ်ပေ။ နိုင်ငံဖွံ့ဖြိုးရေး၊ ပြည်သူတို့ စားဝတ်နေရေးများ မပြေမလည် ဖြစ်ပေမည်။ တိုက်ပွဲများကြား၌ ပြည်သူတို့အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားပုန်းအောင်းနေကြရပေမည်။ လေကောင်းလေသန့် မရှူရဘဲ ယမ်းနံ့၊ မီးခိုးနံ့များကိုသာ မိုးမွှန်အောင် ရှူရှိုက်နေကြရပေမည်။ ထိုဒုက္ခမျိုးကိုလည်း မြန်မာတို့ ရာစုနှစ်တစ်ဝက်မက ခံစားခဲ့ကြရပြီးပေပြီ။

လွတ်လပ်ရေးရရှိပြီး ပြည်တွင်း သောင်းကျန်းမှု ကင်းစင်လျှင် ပြည်သူတို့ ငြိမ်းငြိမ်းချမ်းချမ်း၊ သာသာယာယာဖြင့် လွတ်လပ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကား၍ စီးပွားဖွံ့ထွားလာပေမည်။ ပြည်သူတို့ စိတ်လက်ချမ်းမြေ့စွာ နေနိုင်ကြမည်။ ဖွံ့ဖြိုးတိုးတက်မှုများ ဇယ်ဆက်သလို ဆက်တိုက် ဖြစ်ထွန်းလာပေမည်။ ဘုရားသွား ကျောင်းတက်ကာ လှူကြ တန်းကြဖြင့်၊ စည်ဖြောသံ တဝေဝေဖြင့် ထမင်းရည်ချောင်းစီးအောင် ကုသိုလ်ပြုနိုင်ကြမည်။ ကြေးစည်သံ၊ သာခုသံ တဝေဝေ ရှိပေမည်။

ဤသို့သောအခြေအနေမျိုးမှာ စိတ်အနှောင့်အယှက် ဖြစ်စရာက ရှိနေပေသေးသည်။ ထိုအနှောင့်အယှက် ဆူးငြောင့်ခလုတ်ဟူသည် ဥပဒေချိုးဖောက်ကာ ပြစ်မှုကျူးလွန်သူများကြောင့် အိမ်တံခါး ဖွင့်မအိပ်ရဲ၊ ကိုယ့်ရှိသမျှ ငွေကြေးပစ္စည်းများကို ကျစ်ကျစ်ပါအောင်ထုပ်၊ လုံအောင် သိမ်းချုပ်နေကြရသည်။ ခန္ဓာကိုယ်ကိုကျူးလွန်သော ပြစ်မှုများမှာ ရိုက်မှု၊ ခုတ်မှု၊ နာကျင်စေမှု၊ လူသေစေမှု၊ လူသတ်မှု၊ အဓမ္မပြုကျင့်မှု စသည်တို့ဖြစ်ပေသည်။ ပစ္စည်းကို ကျူးလွန်သောအမှုများကား ခါးပိုက်နှိုက်မှု၊ လုယက်မှု၊ ဓားပြမှု၊ ငွေကြေးပစ္စည်းလိမ်လည်မှု၊ ငွေတုလုပ်မှု၊ အလွဲသုံးစားလုပ်မှု၊ ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်း စသည်တို့ဖြစ်သည်။

နိုင်ငံတော်နှင့်ပတ်သက်၍ ကျူးလွန်သောပြစ်မှုများကား တရားမဝင်စုရုံးမှု၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှု၊ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ တရားမဝင် လက်နက်ကိုင်ဆောင်မှု၊ ရန်းရင်းဆန်ခတ် ဖြစ်မှု၊ နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားမှု (သူလျှိုမှု)၊ လူတန်းစားချင်း ရန်တိုက်ပေးမှု စသည်တို့ဖြစ်သည်။

ထိုထိုသော ပြစ်မှုများကို ကျူးလွန်လျှင် အများပြည်သူကို အဓိက ထိခိုက်စေပေသည်။ ထို့ကြောင့် ပြည်သူတို့၏ ပစ္စည်းဥစ္စာ၊ အိုးအိမ်၊ ကိုယ်ခန္ဓာ၊ အသက်၊ အသရေ (ဂုဏ်သိက္ခာ)တို့ကိုကာကွယ်ပေးရန် ပြစ်မှုဥပဒေ ရေးအခေါ် ရာဇသတ်ကြီးဥပဒေများပြဋ္ဌာန်းပေးထားရပေသည်။ ပြည်သူကို ထိခိုက်နစ်နာစေသည့်ပြစ်မှု(ရာဇဝတ်မှု) ကျူးလွန်ခြင်း မပြုရန် ပြစ်မှုဥပဒေ၊ အထူးပြစ်မှုဥပဒေများ ပြဋ္ဌာန်းပေးထားရုံမျှမက ပြစ်မှုကျူးလွန်သူများကို ပြည်သူတို့ကိုယ်စား နိုင်ငံတော်က တရားလိုပြုလုပ်ကာ တရားစွဲပေးသည်။ တရားရုံးများကဥပဒေနှင့်အညီ နောက်နောင်ပြစ်မှုမကျူးလွန်အောင် ဟန့်တားသည့်ပြစ်ဒဏ်များ ချမှတ်ပေးရပေသည်။

ပြစ်မှုကျူးလွန်ရာတွင် ခိုးဆိုးလုယက်ခြင်း၌သာ မွေ့လျော်ပြီး မဖျောက်နိုင်သောဓလေ့ဆိုးကြောင့် ကျူးလွန်သူများ ရှိသည်။ ဘဝပေးအခြေအနေညံ့၍ ဆင်းရဲငတ်ပြတ်လွန်း၍၊ သူတစ်ပါးသွေးဆောင်၍၊ မလွဲသာ၍၊ မထင်မှတ်ဘဲ အမှားတစ်ချက်ကြုံခဲ့၍ ကျူးလွန်သူများလည်း ရှိပေသည်။ အနောက်အရင်းရှင် စက်မှုနိုင်ငံကြီးများတွင် ချမ်းသာသူက ကျိုကျိုတက်၊ ဆင်းရဲသူက ဖွတ်တက်သဖြင့် ဆင်းရဲသူများက မှုခင်းကျူးလွန်ခြင်းဖြင့် ထွက်ပေါက် ရှာတတ်ကြသည်။ အနောက်တိုင်းရပ်ရှင်များ၊ ဝတ္ထုများကလည်း ပြစ်မှုကျူးလွန်ခြင်း၊ တိုက်ခိုက်သတ်ဖြတ်ခြင်းတို့ကို အားကျလောက်အောင် လုပ်ပြကြသဖြင့် အတုခိုးမှားသော ပြစ်မှုကျူးလွန်သူများလည်းရှိသည်။ ပင်ကို ဝသီစရိုက်အရ ကြမ်းတမ်းရမ်းကားကာ ပြစ်မှုကျူးလွန်သူများလည်း ရှိသည်။

အနောက်နိုင်ငံများတွင် မူးယစ်ဆေးဝါး လွတ်လပ်စွာ သုံးစွဲခွင့် တောင်းဆိုဆန္ဒပြမှုများရှိသည်။ မူးယစ်ဆေးဝါးကို ထမင်းစား၊ ရေသောက်လောက် သဘောထားလာကြသည်။ လက်နက်လိုလျှင် ညနေ လမ်းဘေးဈေးတန်း၌ ရနိုင်သည်။ လက်နက်အရောင်းဆိုင်များသို့ မှာလျှင် စာတိုက်မှ ပို့ပေးသည်။ လက်နက် လွယ်လွယ်ကိုင်နိုင်၍ ဒေါသအလျောက်၊ စိတ္တဇအလျောက် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုများ အဖြစ်လွယ်သည်။ ယင်းနိုင်ငံကြီးများတွင် ပြစ်မှုအသေး၊ အလတ်၊ အကြီးမျိုးစုံ တစ်နှစ်လျှင် မှုခင်းပေါင်း သန်း ၂၀ကျော် ဖြစ်ပွားလေသည်။

မြန်မာနိုင်ငံကား ထိုသို့မဟုတ် ဆရာမိဘ သွန်သင်မှု၊ ဘာသာတရား၏ အဆုံးအမ၊ စာပေ၏ လမ်းကောင်းပြမှု၊ မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်နှင့် စိတ်ရင်းတို့ကြောင့် မလွှဲမရှောင်သာ မှုခင်းကျူးလွန်မှုများကိုသာ အများဆုံးတွေ့ရသည်။ ဖဆပလ အစိုးရလက်ထက်၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တို့တွင် အမျိုးသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး လွတ်ငြိမ်းသက်သာခွင့်များ ထုတ်ပြန်ခဲ့သည်။ အကျဉ်းသားများကို ထောင်ချ၊ သောင်းချပြီး လွတ်ငြိမ်းခွင့်ပြုခဲ့သည်။ သေဒဏ်ကျခံနေရသူများ ကိုပင် တစ်သက်တစ်ကျွန်း ထောင်ဒဏ်သို့ လျှော့ချပေးခဲ့သည်။ ပြစ်မှုကျူးလွန်သူများ၏ ဘဝအခြေအနေ၊ ယင်းတို့၏ မိသားစုများဘဝ ရှေ့ရေးတွေးကာ ပြစ်ဒဏ်လက်ကျန်များမှ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်ပေသည်။

တော်လှန်ရေးကောင်စီတက်လာပြီး မြန်မာနိုင်ငံတွင် အလုပ်သမား၊ တောင်သူလယ်သမား စသည့် ပြည်သူလူများစုဘဝ ဖြောင့်ဖြူးစေရန် ခေါင်းပုံဖြတ်ခြင်းကင်းသည့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရန် စိုင်းပြင်းခဲ့သည်။ ၁၉၆၃ ခုနှစ် မတ်လတွင် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ရန်ကုန်အကျဉ်းထောင်ကြီးအတွင်း သွားရောက်ကာ အကျဉ်းသားများကို စုဝေးတွေ့ဆုံပြီး မိမိတို့ဘဝ ဆင်းရဲ၍၊ ဝမ်းရေး မဖူလုံ၍၊ စီးပွားရေးမညီမျှ၍၊ ခိုးဆိုးလုယက်၍ ထောင်ထဲရောက်ရပါသည်ဟု ပြောကြလိမ့်မည်ထင်ကြောင်း၊ မိမိတို့ကလည်း အကျဉ်းသားများကို ထောင်မချချင်ဘဲ ချပြီး ထောင်ထဲ၌ ကျွေးမွေးထားနေရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရက ပြည်သူအများ စားဝတ်နေရေးပြေလည်စေမည့် စနစ်သစ်ဖြင့် နိုင်ငံသစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ အကျဉ်းသားများကလည်း လူသစ်စိတ်ဓာတ်ဖြင့် နိုင်ငံ တည်ဆောက်ရေး၌ ပါဝင်ကြရန်ဖြစ်ကြောင်း၊ ထောင်ထဲသို့ နောက်ထပ်ပြန်မလာကြဖို့ အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားကာ အကျဉ်းသားများကို ထောင်ချပြီး လွတ်ငြိမ်းခွင့်ပြုခဲ့၏။ ရန်ကုန်ထောင်ကြီးကိုလည်း ဖျက်ပစ်စေခဲ့သည်။ ထိုမှတစ်ဆင့် တောတွင်းလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးစကားဝိုင်းသို့ ဖိတ်ခေါ်ဆွေးနွေးခဲ့သည်ကို မှတ်မိနေကြဦးမည်ထင်ပါသည်။ ၁၉၈၀ပြည့်နှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပထမအကြိမ် ကျင်းပအောင်မြင်ခြင်း အခါသမယနှင့် တစ်ဆက်တည်း အထွေထွေလွတ်ငြိမ်းသက်သာခွင့်အမိန့် ထုတ်ပြန်ကာ အကျဉ်းသား ထောင်ပေါင်းများစွာကို လွတ်ငြိမ်းခွင့်ပေးခဲ့သည်။ တောတွင်းရောက်၊ ပြည်ပရောက် သောင်းကျန်းသူများ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများ

တိုင်းရင်းသားစုံ၊ လူထုလူတန်းစား အလွှာစုံ၊ ညီအစ်ကို မောင်နှမရင်းချာများပီပီ စုဝေးဆွေးနွေးခဲ့သော အမျိုးသားညီလာခံကြီးမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် မူကောင်းများ တညီတညွတ်ချပေးခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေး၊ အပြန်အလှန်နားလည်မှုရှိရေး၊ ပြည်ထောင်စုသားတို့အတွင်း ယုံကြည်မှုတည်ဆောက်ရေး၊ ရင်ကြားစေ့သွေးစည်းရေး စံနမူနာကောင်းဖြစ်ကြောင်း ကမ္ဘာသိ ဖြစ်စေခဲ့သည်။

တိုင်းရင်း...
သည် ပြည်ထော...
မတူ ထူးထူးကဲ...
ကြိုးပမ်းရင်း ဒီ...
ရှိရာ ယခုဆိုလျှ...
အထမြောက် ဆေ...
ထမြောက်အော...
တို့၏ ညီညွတ်...
ကြောင့်ပင် ဖြစ်...

ကို ပြန်လာရန် ဖိတ်ခေါ်ခဲ့သည်။ လက...
နိုင်ငံရေးသမားကြီးများကို ပြည်ပမှပြန်...
လွှတ်ပြီး လွတ်လပ်ရေးကြိုးပမ်းဖော်...
မိတ်ဆုံပွဲကြီးတစ်ရပ် ကျင်းပခဲ့ရာ ပြည...
ဖြစ်ခဲ့ရသည်။ ညီညွတ်ရေးနှင့် ...
မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွက်...
မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပါ...

တပ်မတော်က နိုင်ငံတာဝန်ယူ...
စက်တင်ဘာ(၁၈)ရက်နေ့နောက်ပိုင်း ...
အမိန့်များ အကြိမ်ကြိမ်ထုတ်ပြန်က...
ထောင်ချပြီး လွှတ်ပေးခဲ့သည်။ တို...
ညီညွတ်ရေး ပြန်လည်တည်ဆောက်...
လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် ...
ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရော...
တည်ဆောက်နိုင်ခဲ့သည်။ ငြိမ်းချမ်း...
ပြည်ထောင်စု တစ်နံတစ်လျား နယ်...
ကျေးလက်မကျန်၊ မြို့ပြမှန်သမျှ အံ့မ...
လာအောင် ဘက်စုံတည်ဆောက်နိုင်...

တိုင်းရင်းသားစုံ၊ လူထုလူတန်း...
မောင်နှမရင်းချာများပီပီ စုဝေးဆွေး...
ညီလာခံကြီးမှ နိုင်ငံတော် ဖွဲ့စည်း...
အတွက် မူကောင်းများ တညီတ...
ဤသည်မှာ စည်းလုံးညီညွတ်ရေး၊ ...
အလှန် နားလည်မှုရှိရေး၊ ပြည်ထော...
ယုံကြည်မှုတည်ဆောက်ရေး၊ ရင်ကြ...
စံနမူနာကောင်းဖြစ်ကြောင်း ကမ္ဘာသိ...

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့...
ပြည်သူများသည် ပြည်ထောင်စုကြီ...
အောင်၊ ဘယ်ခေတ်နှင့်မှမတူ ထူးထူး...
အောင် နိုင်ငံတော်နှင့် လက်တွဲညီည...
ကရေစီ နိုင်ငံတော်ကြီးကို တည်ဆေ...
ယခုဆိုလျှင် မူဝါဒလမ်းစဉ် (၇)ရပ်၏...
အထမြောက် အောင်မြင်ခဲ့ပြီဖြစ်သည...
အောင်မြင်ထမြောက်အောင် ဆော...
တိုင်းရင်းသားပြည်သူတို့၏ ညီညွ...
ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကား...

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်(၅...
ဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်...
သည် လုပ်ငန်းစဉ်(၆)နှင့် (၇)တို့ကို...
အကောင်အထည်ဖော်သွားကြရပေမည်...
ကား ပေါ်ထွန်းလာသည့် ပြည်ထောင်...
အဖွဲ့တို့က အမျိုးသားရေးပန်းတိုင်ဖြစ်...

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာအောင်၊ ဘယ်ခေတ်နှင့်မှမတူ ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်နှင့်လက်တွဲညီညီ ကြိုးပမ်းရင်း ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လာလျက်ရှိရာ ယခုဆိုလျှင် မူဝါဒလမ်းစဉ်(၇)ရပ်၏ လုပ်ငန်းစဉ်(၄)အထိ အထမြောက် အောင်မြင်ခဲ့ပြီ ဖြစ်သည်။ ဤအဆင့်များကို အောင်မြင်ထမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ တိုင်းရင်းသားပြည်သူတို့၏ ညီညွတ်သောခွန်အားနှင့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကားကြောင့်ပင် ဖြစ်သည်။

ကို ပြန်လာရန် ဖိတ်ခေါ်ခဲ့သည်။ လက်ဝဲ၊ လက်ယာ ဝါရင့်နိုင်ငံရေးသမားကြီးများကို ပြည်ပမှပြန်ခေါ်၊ အကျဉ်းထောင်မှ လွှတ်ပြီး လွှတ်လပ်ရေးကြိုးပမ်းဖော်၊ ကြိုးပမ်းဖက်များ၏ မိတ်ဆုံပွဲကြီးတစ်ရပ် ကျင်းပခဲ့ရာ ပြည်သူတို့ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွက်ခဲ့ကြသည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ပါချေ။

တပ်မတော်က နိုင်ငံတာဝန်ယူရသည့် ၁၉၈၈ခုနှစ် စက်တင်ဘာ(၁၈)ရက်နေ့နောက်ပိုင်း လွတ်ငြိမ်းသက်သာခွင့် အမိန့်များ အကြိမ်ကြိမ်ထုတ်ပြန်ကာ အကျဉ်းသားများ ထောင်ချီပြီး လွှတ်ပေးခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ခဲ့သည်။ တောတွင်း လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ် (၂၀)ကျော် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ကာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့သည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင်၌ ပြည်ထောင်စု တစ်နံတစ်လျား နယ်ဖျားနယ်စွန် မကျန်၊ ကျေးလက်မကျန်၊ မြို့ပြမှန်သမျှ အံ့မခန်း တိုးတက်ဖွံ့ဖြိုးလာအောင် ဘက်စုံတည်ဆောက်နိုင်ခဲ့သည်။

တိုင်းရင်းသားစုံ၊ လူထုလူတန်းစားအလွှာစုံ၊ ညီအစ်ကိုမောင်နှမရင်းချာများပီပီ စုဝေးဆွေးနွေးခဲ့သော အမျိုးသားညီလာခံကြီးမှ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် မူကောင်းများ တညီတညွတ် ချပေးခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရေး၊ အပြန်အလှန် နားလည်မှုရှိရေး၊ ပြည်ထောင်စုသားတို့အတွင်း ယုံကြည်မှုတည်ဆောက်ရေး၊ ရင်ကြားစေ့ သွေးစည်းရေး စံနမူနာကောင်းဖြစ်ကြောင်း ကမ္ဘာသိဖြစ်စေခဲ့သည်။

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာအောင်၊ ဘယ်ခေတ်နှင့်မှမတူ ထူးထူးကဲကဲ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်နှင့် လက်တွဲညီညီ ကြိုးပမ်းရင်း ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်လာလျက်ရှိရာ ယခုဆိုလျှင် မူဝါဒလမ်းစဉ် (၇)ရပ်၏ လုပ်ငန်းစဉ်(၄)အထိ အထမြောက် အောင်မြင်ခဲ့ပြီဖြစ်သည်။ ဤအဆင့်များကို အောင်မြင်ထမြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ တိုင်းရင်းသားပြည်သူတို့၏ ညီညွတ်သော ခွန်အားနှင့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကားကြောင့်ပင် ဖြစ်သည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်(၅) ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပရေးမှသည် လုပ်ငန်းစဉ်(၆)နှင့် (၇)တို့ကို ရှေ့စဉ်နောက်ဆက် အကောင်အထည်ဖော်သွားကြရပေမည်။ လုပ်ငန်းစဉ်(၇)ရပ်ကား ပေါ်ထွန်းလာသည့် ပြည်ထောင်စုလွှတ်တော် အစိုးရအဖွဲ့တို့က အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ တိုင်းရင်းသားပြည်သူများကို အရောက်ပို့ပေးရန် ဖြစ်ပေသည်။

မြန်မာတို့အတွက် မဝေးလှသောအနာဂတ်တွင် ဒီမိုကရေစီ ရွှေနိုင်ငံကြီး ဧကန်မုချ ပေါ်ပေါက်လာပေတော့မည်။ ထို့ကြောင့် ညီညွတ်စည်းလုံး၍ တက်ကြွထက်မြက်သော မြန်မာတိုင်းရင်းသားတို့အနေဖြင့် ခါးတောင်းကျိုက်မဖြုတ်သေးဘဲ ညီညွတ်ရေးအစွမ်းပြကြရပေဦးမည်။ သို့ဖြစ်၍ နိုင်ငံတော်ကို တည်ငြိမ်-ငြိမ်းချမ်းနေစေပြီး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဆက်လက်တည်ဆောက်ကာ ရှေ့လုပ်ငန်းစဉ် အမှတ်(၅) (၆) (၇)တို့ကို ဖော်ဆောင်ကြရဦးမည်။ ထို့ကြောင့် မြန်မာတို့၏ ညီညွတ်သွေးစည်းမှုအားမာန်ကို တိုးမြှင့်ယူကြရပေဦးမည်။

ပြည်တွင်းပြည်ပမှ အဖျက်အင်အားစုများကမူ ဆန့်ကျင်ပုတ်ခတ်ကာ ဟန့်တားနှောင့်ယှက်နေမည်သာ ဖြစ်သည်။ ဒေဝဒတ်ဂိုဏ်းဟူသည် အဖျက်အမှောင့်လုပ်ရပ်မှလွဲ၍ တခြား မလုပ်တတ်ကြပါချေ။ မည်သို့ပင်ဆိုစေကာမူ မြန်မာတို့က ဒီမိုကရေစီပန်းတိုင်သို့ ဆူးငြောင့်ခလုတ်မှန်သမျှ ခြေနင်းကျော်လွှားကာ ဆက်လက် ချီတက်နေကြမည်သာ ဖြစ်သည်။

ပြစ်မှုဥပဒေများ ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူ များစွာသည် ထောင်ထဲတွင် မိမိတို့အမှားကို သိလာကြသည်။ စည်းကမ်းတကျနေရင်း မိမိတို့စိတ်ဓာတ် စာရိတ္တကို ပြုပြင်လာကြသည်။ သူတို့သည် ဘဝပေးအခြေအနေအရ မလွှဲမရှောင်သာဘဲ မှုခင်းကျူးလွန်မိခဲ့ကြသူများလည်း ဖြစ်သည်။ သူတို့သည် ဥပဒေကို မလွှဲမရှောင်သာ ကျူးလွန်ချိုးဖောက်မိကြသော်လည်း အမျိုးသားရေးသစ္စာ ဖောက်ဖျက်ကာ နိုင်ငံတော်ပျက်စီးအောင် လုပ်နေကြသူများ မဟုတ်ပေ။

ယနေ့ကာလသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအရုဏ်ဦး ဖြစ်ပေသည်။ ဤအချိန်ကာလတွင် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်သယ်ပိုးဆောင်ရွက်မည့် အင်အားတိုးပွားလာစေရန်လည်းကောင်း၊ ပြစ်ဒဏ်ကျ အကျဉ်းသားများကို အကျဉ်းကျခံစိတ်မျိုး ကာလကြာရှည်မခံစားစေရန်အတွက်လည်းကောင်း ပြစ်ဒဏ်ကျ အကျဉ်းသား (၇၁၁၄)ဦးတို့အား ယင်းတို့၏ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ် အစိတ်အပိုင်းကို လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်သည်ကို သတိပြုမိပေသည်။

စည်းကမ်းနှင့် စာရိတ္တကောင်းမွန်လာသော အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်က လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့်အနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေရန် ၂၀၀၉ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁/ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့် ထုတ်ပြန်ကြေညာလိုက်ပေသည်။

လွတ်ငြိမ်းသက်သာခွင့် ရရှိသူများသာမက ၎င်းတို့၏မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများပါ ဝမ်းမြောက်ဝမ်းသာ ရှိကြပေလိမ့်မည်။ ပြည်သူတစ်ရပ်လုံးကလည်း မုဒိတာပွားများ ဝမ်းသာကြပေမည်။ ထောင်ဟူသည် ပြစ်မှုကျူးလွန်သူများကို အကျဉ်းချုပ်နှောင်ထားရုံသာမက အကျဉ်းသားတို့၏ စိတ်ဓာတ်နှင့် စာရိတ္တကိုပါ ပြုပြင်ပေးသည့်အပြင် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံ၏ လူ့အဖွဲ့အစည်းအတွက် အားအင်ကောင်းများကို လေ့ကျင့်မွေးထုတ်ပေးသည့် နေရာဖြစ်ပေသည်။ ယခု လွတ်ငြိမ်းသက်သာခွင့် ရရှိလာသူများသည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာ၊ ပြည်သူလူထု၏မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာတို့ကို သဘောပေါက်ခံယူကာ ဒီမိုကရေစီ ရွှေတံခါးကြီးဖွင့်လှစ်ရာ၌ မိမိတို့၏ ပြည်ချစ်ခွန်အားကို အစွမ်းကုန်သုံး၍ ပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ယုံကြည်ကြောင်းပါ ခင်ဗျား။ ။

စက်တင်ဘာ ၁၃ရက်က အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ကသာမြို့နယ် ကျောက်ထုံကြီးကျေးရွာ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်မျိုးစုံ ပေးအပ်လှူဒါန်းစဉ်။ (အား/ကာ)

မိတ္ထီလာ အထက(၃) ပညာရည်ချွန်ဆုချီးမြှင့်

မိတ္ထီလာ စက်တင်ဘာ ၁၉

မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၉-၂၀၁၀ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် မိတ္ထီလာတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ဟန်မင်းအောင်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးဟန်ဝင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိ ဗိုလ်ကြီးခင်မောင်ထွေးက ကျောင်း၏ ပညာရေးသင်ကြားမှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် စာပေထူးချွန်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

ကျောင်းနေကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါမဖြစ်ပွားရေး

သတိပေးနှိုးဆော်ချက်

ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ-

ကျောင်းပရဝုဏ်နှင့် စာသင်ခန်းများ

- ကျောင်းပရဝုဏ် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် စာသင်ခန်းများ လေဝင်လေထွက်ကောင်းမွန်ရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- ကျောင်းသား ကျောင်းသူများ မကြာခဏလက်ဆေးနိုင်ရေးအတွက် ရေနှင့်ဆပ်ပြာကို စီစဉ်ဆောင်ရွက်ထားခြင်း၊ တတ်နိုင်ပါက အရက်ပြန်နှင့် ဂွမ်းကိုစီစဉ်ပေးခြင်း၊
- စာသင်ခန်းများ၊ စာသင်ခုံနှင့် ထိုင်ခုံများ၊ တံခါးလက်ကိုင်များ၊ လှေကားလက်ရန်း၊ ကျောင်းတွင်းပရိဘောဂများ၊ ပြတင်းပေါက်များ၊ ခန်းဆီးများ၊ တယ်လီဖုန်းနှင့် ကျောင်းရှိလူ့အသုံးအဆောင်ပစ္စည်းများကို အနည်းဆုံး တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်အထိ ပိုးသန့်စင်ခြင်း။

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ကမ္ဘောဇအသင်း သုံးပွဲဆက်အနိုင်ရ အမှတ်ပေးဇယား၌ တတိယနေရာမှာရပ်တည်နေ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ✦ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

MNL Grand Royal အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်ကို ယနေ့ညနေ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက ဆောက်သမ်းမြန်မာအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ကမ္ဘောဇ - သုံးဂိုး
ဆောက်သမ်းမြန်မာ - နှစ်ဂိုး

ပြည်တွင်း ကစားသမားတွေကို နေရာပေးပြီး ပြိုင်ပွဲဝင်နေတဲ့ ကမ္ဘောဇအသင်းအတွက် ကျေနပ်စရာကောင်းတဲ့ ရလဒ်ကို ထပ်မံပိုင်ဆိုင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ ရတနာပုံကို ရှုံးနိမ့်ခဲ့ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်း ဆက်တိုက်ပြပြီး သုံးပွဲဆက် အနိုင်ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ အခုပွဲမှာ ကမ္ဘောဇရဲ့ ကစားပုံနဲ့ တိုက်စစ်ဟာ အရင်ပွဲတွေထက် ပိုကောင်းခဲ့သလို ပိုမိုခြေစွမ်းပြကစားနိုင်လို့ အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။ အထူးသဖြင့် တိုက်စစ်မှူး စိုးမင်းဦးဟာ ကမ္ဘောဇအသင်းအတွက် ဂိုးတွေ ဆက်တိုက်သွင်းယူပေးနေပြီး လေးပွဲမှာ ငါးဂိုးအထိ သွင်းယူထားနိုင်ပါတယ်။

တိုက်ရိုက်ကန်သွင်း

ပြီးခဲ့တဲ့ပွဲမှာ နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ကစားထားတဲ့ ဆောက်သမ်းမြန်မာအသင်းဟာ အခုပွဲမှာတော့ ဂိုးနှစ်ဂိုး သွင်းယူနိုင်တာကလွဲရင် အကောင်းဆုံးခြေစွမ်း ထုတ်မပြနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ကမ္ဘောဇအသင်းကို ကစားကွက်ပိုင်းအရ မယှဉ်နိုင်ခဲ့သလို တောင်ပံနှစ်ဖက်ကလည်း ခြေစွမ်းမပြနိုင်လို့ အလုပ်မဖြစ်ခဲ့ပါဘူး။ နှစ်ပွဲဆက် အနိုင်ရထားတဲ့ ကမ္ဘောဇအသင်းကတော့ နိုင်ပွဲဆက်ဖို့အတွက် ပွဲစကတည်းက တိုက်စစ် ဆင်ခဲ့ပါတယ်။ ၂၆မိနစ်မှာတော့ ကမ္ဘောဇအသင်း ဂိုးစရခဲ့ပြီး ကွင်းလယ်လူ အောင်ကျော်ဦးက နောက်ခံလူတစ်ဦးကို လိမ်ပြီး ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ကမ္ဘောဇအသင်းရဲ့ ဦးဆောင်မှုဟာ သိပ်မကြာလိုက်ဘဲ ငါးမိနစ်အကြာမှာ ဆောက်သမ်းမြန်မာအသင်းက ချေပဂိုး ပြန်လည်သွင်းယူသွားခဲ့ပါတယ်။ အဲဒီဂိုးကို စိန့်ကစ်နမီးစ် လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ဂျေမွန်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။

ဖိကစား

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ ဂိုးထပ်ရဖို့ ကစားအား ထပ်တင်ခဲ့ပြီး စိုးမင်းဦးနဲ့ စထက်နိုင်ဝင်းတို့ အတွဲကလည်း အလုပ်ဖြစ်ခဲ့လို့ ကမ္ဘောဇ ဖိကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂိုးရသွားတာက ကမ္ဘောဇအသင်းမဟုတ်ဘဲ ဆောက်သမ်းမြန်မာအသင်းဖြစ်ခဲ့ပါတယ်။ တောင်ပံကစားသမား ကင်စလေ အဝေးက ကန်သွင်းရာမှာ ကမ္ဘောဇ နောက်ခံလူ ခေါင်းနဲ့ထိပြီး ဝင်သွားခဲ့တာ ဖြစ်ပါတယ်။ ဆောက်သမ်းမြန်မာအသင်းဟာ ဂိုးရခဲ့ပေမယ့် ပွဲကို စိုးမိုးနိုင်ခြင်း မရှိခဲ့လို့ ကမ္ဘောဇအသင်းရဲ့ ဖိကစားခြင်းကို ခံခဲ့ရပါတယ်။

တတိယနေရာ

ကမ္ဘောဇအသင်းကတော့ ကစားကွက် အသာနဲ့ ချေပဂိုးရဖို့ ဖိကစားခဲ့ပြီး ၆၃မိနစ်မှာ တိုက်စစ်မှူး စိုးမင်းဦးက တစ်ကိုယ်တော် အစွမ်းနဲ့ ချေပဂိုး ပြန်လည်သွင်းယူခဲ့ပါတယ်။ချေပဂိုး ရသွားလို့ ကမ္ဘောဇအသင်း စိတ်ဓာတ်ပိုတက်လာပြီး တရစပ် ဖိကစားခဲ့ပါတယ်။ ဆောက်သမ်းမြန်မာအသင်းကလည်း ကမ္ဘောဇဆီက အမှတ်ခွဲယူဖို့ ကြိုးစားခဲ့ပေမယ့် ၈၀မိနစ်မှာ ဂိုးထပ်ပေးလိုက်ရပါတယ်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးကိုတော့ ၈၀မိနစ်မှာစိုးမင်းဦးက ပြစ်ဒဏ်ဘောကနေ ကန်သွင်းယူသွားတာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းကတော့ အခုပွဲ အနိုင်ရခဲ့လို့ လေးပွဲကစား ကိုးမှတ်နဲ့ အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်နေပြီး ၁၀မှတ်စီ ရရှိထားတဲ့ ရတနာပုံအသင်းနဲ့ ဒယ်လ်တာယူနိုက်တက် အသင်းကို အကောင်းဆုံး ဖိအားပေးထားနိုင်ပါတယ်။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မကွေး F.C နှင့် ရန်ကုန်ယူနိုက်တက်။

(မြန်မာ့အလင်း)

အကြိတ်အနယ် ယှဉ်ပြိုင်

ကမ္ဘောဇအသင်းမှ ခင်မောင်လွင်နှင့် ဆောက်သမ်းမြန်မာအသင်းမှ ကင်စလေတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

(မြန်မာ့အလင်း)

ကမ္ဘောဇအသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့၏ ပွဲစဉ်သို့ လာရောက်အားပေးကြသူများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အာဆင်နယ် အိမ်ကွင်း၌ နိုင်ပွဲပြန်စ ဘာမင်ဂမ်၊ ဘန်လေနှင့် ဗီလာတို့လည်းနိုင်ပွဲရ

ဖောင်ပိတ် အားကစားသတင်း - မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၁၉

ပရီမီယာလိဂ်ပွဲစဉ်(၆) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်၊ ဘာမင်ဂမ်၊ ဘန်လေနှင့် အက်စ်တွန်ဗီလာတို့ အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အာဆင်နယ်ဂိုးပြတ်နိုင်

အာဆင်နယ်က အိမ်ကွင်း၌ ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ အာဆင်နယ်၏ အဖွင့်ဂိုးကို ဗာမေလန်က ပွဲချိန်၂၅မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ အာဆင်နယ်တို့ အိမ်ကွင်း၌ ဂိုးများများသွင်းယူနိုင်ရေး အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပွဲစပြီး သုံးမိနစ်ကြာ ဗာမေလန်ကပင် သွင်းယူခဲ့ပြန်သည်။ ဝီဂန်တို့ ချေပဂိုးသွင်းယူနိုင်ရန် တန်ပြန်တိုက်စစ်ကစားခဲ့သည်။ သို့သော်လည်း အာဆင်နယ် ခံစစ်မှူးများကို မကျော်နိုင်ခဲ့ပေ။ ပွဲချိန်၅၉မိနစ်တွင် အီဒူယာဒိုက အာဆင်နယ်အသင်းအတွက် တတိယမြောက်ဂိုးကို မြေလိမ့်ဘောဖြင့် လှလှပပ ကန်သွင်းယူခဲ့သည်။ အာဆင်နယ်တို့ ပွဲပြီးချိန်အထိ တိုက်စစ်အားမလျှော့ဘဲ ကစားခဲ့ရာ ဖာဘရီဂတ်စ်က အာဆင်နယ်အတွက် စတုတ္ထမြောက်ဂိုး သွင်းယူခဲ့သည်။ ပွဲအပြီး အာဆင်နယ်က လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

အာဆင်နယ်အသင်းအတွက် ဗန်ပါစီက ဂိုးသွင်းရန် ဤသို့ကြိုးစားခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

ဘာမင်ဂမ်သုံးမှတ်ရ

ဘာမင်ဂမ်အသင်းသည် ဟူးလ်စီးတီး၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ တစ်ဂိုးတည်းဖြင့် ကပ်နိုင်ပြီး ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။ ဘာမင်ဂမ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်၇၄မိနစ်တွင် ဂါရီအိုကွန်နာက ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘန်လေခြေစွမ်းပြ

တန်းတက်ဘန်လေအသင်းသည် အိမ်ကွင်း၌ ခြေစွမ်းပြပြီး ဆန်းဒါးလန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဘန်လေအသင်း၏ အဖွင့်ဂိုးကို ဂရေဟမ်အလက်ဇန္ဒားက ပွဲချိန်၁၂မိနစ်တွင် ပယ်နယ်တီမှ သွင်းယူလိုက်ခြင်းဖြစ်သည်။ ပွဲချိန်၅၈မိနစ်တွင် ဒါရင်ဘင့်က ဆန်းဒါးလန်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးများ သွင်းနိုင်ရေး အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အငှားခေါ်ယူထားသော ဒေးဗစ်နျူဂျင့်က ပွဲချိန်၆၆မိနစ်တွင် ခေါင်းတိုက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဘန်လေ၏ တတိယပွဲသိမ်းဂိုးကို ဒေးဗစ်နျူဂျင့်ကပင် အင်ဒီရိဒ် ချပေးသော ဘောလုံးမှတစ်ဆင့် သွင်းယူပေးသည်။

သရေပွဲ

ဘော်လ်တန်နှင့် စတုတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။ ယင်းပွဲတွင် စတုတ်စီးတီးက အဝေးကွင်းကစားရသော်လည်း ဒုတိယပိုင်းစပြီး နှစ်မိနစ်အကြာ ဒေ့ဗ်ကစ်ဆန်ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘော်လ်တန်အသင်းအတွက် ချေပဂိုးကို မတ်တေလာက ပွဲပြီးရန် တစ်မိနစ်အလိုတွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာနိုင်

အက်စ်တွန်ဗီလာက အိမ်ကွင်း၌ ပို့စ်မောက်ကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရလိုက်သည်။ ပွဲစသည်နှင့် ဗီလာတို့ အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန်၃၃မိနစ်တွင် ပီထရီအား နာဒီယာက ကြမ်းတမ်းစွာကစားခဲ့၍ ဗီလာတို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ဂျိမ်းစ်မီနာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဗီလာ၏ ဒုတိယမြောက်အနိုင်ဂိုးကို ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလိုတွင် အဘွန်လဟောက သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဗီလာတို့ အနိုင်ရခဲ့၍ ပို့စ်မောက်အသင်းသည် ခြောက်ပွဲဆက်တိုက် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

လီဗာပူးက ဝက်စ်ဟမ်းအိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

(ကိုးကား-အင်တာနက်)

အက်စ်တွန်ဗီလာအသင်း၏ အဖွင့်ဂိုးကို ဂျိမ်းစ်မီလာက ဤသို့ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

20-9 (10).pmd 1 9/19/2009, 2:17 PM

လုံးချောနှင့် စောငမန်း၊ ရန်ကြီးအောင်နှင့် ဇော်ဖိုးကေတို့ ပွဲအပါအဝင် ပွဲစဉ်တိုင်း အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည့်

Calsome 2009 ရွှေခါးပတ်ချန်ပီယံ နောက်ဆုံးခါးပတ်လုပွဲစဉ်များ

လက်ဝှေ့သတင်းအကြိုသုံးသပ်ချက်နှင့် ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(ဓနုဖြူ) စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG Co., Ltd.)၏ အဓိကကူညီပံ့ပိုးမှုဖြင့် T& T Group က တာဝန်ယူစီစဉ်သည့် Calsome 2009 ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၂၀ရက် (ယနေ့)မွန်းလွဲ ၁ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ဝိတ်တန်းကိုးတန်း

ဝိတ်တန်းကိုးတန်းဖြင့် ကျင်းပသော ပြိုင်ပွဲကြီးသို့ လက်ဝှေ့သမား ၅၅ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လာမည့်ဗိုလ်လုပွဲတွင် လက်ဝှေ့သမား ၁၈ဦးသာ ကျန်ရှိတော့သည်။ ထိုမှဝိတ်တန်းတစ်တန်းတွင် တစ်ယောက်သာ ရွှေခါးပတ်ချန်ပီယံ ဖြစ်နိုင်ရေးအတွက် ရင်ဆိုင်ထိုးသတ်ရမည်ဖြစ်၍ ဆန်ခါတင် လက်ဝှေ့တွဲဆိုင်း ကိုးဆိုင်းတို့၏ ယှဉ်ပြိုင်မှုက ပြင်းထန်လာမည်မှာ သေချာသည်။

ယှဉ်ပြိုင်သူကို ဒူးပျံဖြင့် ကျွမ်းလန်စေမည့် မိုးသီး၏လေ့ကျင့်ဟန်။

လိုက်ဖလိုင်းဝိတ်တန်း

လိုက်ဖလိုင်းဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ စောရန်နိုင်(သူရဲကောင်း)ကို အမှတ်(၂-၁)ဖြင့်၊ အကြိုဗိုလ်လုပွဲ၌ ထွန်းဝင်း(တိုက်ဂါး)ကိုလည်း အမှတ်(၂-၁)ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လာသူ မိုးသီး(တောင်ကလေး)နှင့် ကွာတားဖိုင်နယ်၌ စစ်မင်း(မျိုးဆက်သစ်)ကို ဒုတိယအချီ၌ အလဲထိုး၊ အကြိုဗိုလ်လုပွဲ၌လည်း နေစိုးအောင်(ဖလုံပညာ့တဝ့်)ကို ဒုတိယအချီ၌ပင် အလဲထိုးခဲ့သူ သားကချင်(ဘီလပ်မြေစက်ရုံ-၁)တို့ တွေ့ကြမည်ဖြစ်သည်။

ယခုဝိတ်တန်းသို့ ၂၀၀၆ နှင့် ၂၀၀၇ ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံး အကြိုဗိုလ်လုပွဲအထိသာ ရောက်ခဲ့ဖူးသော မိုးသီး၏ လက်တစ်ကမ်းအလိုမှ ရွှေခါးပတ်အတွက် တက်ကြွစွာ လက်ကုန်ရုန်းမည့် စိတ်မာန်ဟုန်ကို မြင်တွေ့ရဖွယ် ရှိသည်။

ဖလိုင်းဝိတ်တန်း

ဖလိုင်းဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ မာဂုဏ်မြင့်ပြီး ဘယ်ဖြောင့်လက်သီးကောင်းသော ခိုင်လင်းဦး(တောင်ကလေး)ကို အမှတ် (၂-၁)ဖြင့်၊ နိုင်ဝင်း (ဘီလပ်မြေစက်ရုံ-၁)ကို ဒုတိယအချီဖြင့် အနိုင်ရခဲ့သူ စကြာမင်း(ရွှေကုက္ကို)နှင့် ကွာတားဖိုင်နယ်၌ အသဲစွဲ (ထို့ကော်ကိုး)ကို အမှတ်(၃-၀)ဖြင့်၊ ဆီမီးဖိုင်နယ်၌ အောင်စစ်မင်း(မျိုးဆက်သစ်)ကို အမှတ်(၂-၁)ဖြင့် အနိုင်ယူခဲ့သူ ဉာဏ်လင်းအောင် (ဘီလပ်မြေစက်ရုံ-၂)တို့ ရွှေခါးပတ်လုပွဲ ရင်ဆိုင်ကြရတော့မည်။ စကြာမင်းနှင့် ဉာဏ်လင်းအောင်တို့တွေ့ဆုံပွဲကအကြိတ်အနယ်ရှိနိုင်ပြီး ထိုးလုံး သတ်ပေါက်စုံလင်ကြသူချင်းဖြစ်သည့်အပြင် အသည်းကောင်းကြရာတွင်လည်း တူညီသောကြောင့် နောက်မဆုတ်တမ်း ယှဉ်ရင်းက အမှတ်ဖြင့် ဆုံးဖြတ်ယူရသည့်အဆင့် ရောက်သွားနိုင်မည်ထင်သည်။

ဘင်တန်ဝိတ်တန်း

ဘင်တန်ဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ တိုက်ဂါးဟိန်း(ရက္ခဗျာလ)ကို ပထမ အချီ ၄၆စက္ကန့်ဖြင့် အနိုင်ယူခဲ့ပြီး ဆီမီးဖိုင်နယ်၌ သပြေညို (ဘီလပ်မြေစက်ရုံ-၁)ကို အမှတ်(၃-၀)ဖြင့် အနိုင်ယူခဲ့သူ စိုးမိုးဟိန်း(မျိုးဆက်သစ်)နှင့် ကွာတားဖိုင်နယ်၌ စောအယ်မှူး(ရွှေကုက္ကို)ကို ပထမအချီ၊ ဆီမီးဖိုင်နယ်၌ အောင်နိုင်မင်း (ဘီလပ်မြေစက်ရုံ-၂)ကို ဒုတိယအချီဖြင့် အနိုင်ယူခဲ့သူ ဆက်ထူးအောင် (တောင်ကလေး)တို့ ရင်ဆိုင်ကြမည်။

သပြေညို၏ အောက်ခြေပိုင်းကန်ချက်များထိလာခဲ့သော စိုးမိုးဟိန်းအနေဖြင့် အောက်ခြေပိုင်းကန်ချက်အားကိုးပြီး ဒေါင်ဗလာဒူး၊ ချုပ်ဒူးအားသန်သော ဆက်ထူးအောင်၏တိုက်စစ်များကို ၄င်းအားသန်သော ရွှေ့လျားတိုက်စစ်၊ လျှပ်တစ်ပြက် ဘယ်ဖြောင့်လက်သီးများဖြင့် တုံ့ပြန်သွားမည်ဟု ယူဆရပေရာ ပညာနှင့် မာဂုဏ်သက်လုံနှင့် သတ္တိမည်သူ၌ ပိုရှိသည်ကို အဖြေညီရမည့် ပွဲဖြစ်ပေလိမ့်မည်။

ဖယ်သာဝိတ်တန်း

ဖယ်သာဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ ရွှေမိုးကောင်း (ဘီလပ်မြေစက်ရုံ-၂)ကို ဒုတိယအချီဖြင့် အနိုင်ယူခဲ့ပြီး ဆီမီးဖိုင်နယ်၌ ရွှေထွန်းကျော်(ဘီလပ်မြေစက်ရုံ-၁)ကို အကြိတ်အနယ် ရုန်းကန်ရင်ဆိုင်ပြီးမှ အမှတ်(၃-၀)ဖြင့် အနိုင်ရရှိခဲ့သူ သူထက်နိုင်(တောင်ကလေး)နှင့် ဘိုင်ရ၍ ဆီမီးဖိုင်နယ်ပွဲတွင်မှ ယှဉ်ပြိုင်ရပြီး ရှမ်းသွေးလေး(ရန်ကုန်တိုင်း)ကို ဒုတိယအချီ ၂မိနစ် ၂၈စက္ကန့်ဖြင့် အနိုင်ရခဲ့သူ အမေ့သား(ရွှေကုက္ကို)တို့ ခါးပတ်လုကြရမည်။ သူထက်နိုင်က မာဂုဏ်မြင့်ပြီး ထိုးလုံးသတ်ပေါက်ကြမ်းသော ရွှေထွန်းကျော်ကို အချီပြည့်ရုန်းခဲ့ရ၍ ပွဲပန်းနေနိုင်သော်လည်း

စစ်သွေး(ဘီလပ်မြေစက်ရုံ-၁)နှင့် ယှဉ်ပြိုင်မည့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း။

အမေ့သားကတော့ လန်းလန်းဆန်းဆန်း ရှိနေနိုင်သည်။

အတွေ့အကြုံ

သို့ရာတွင် သူထက်နိုင်က အတွေ့အကြုံရင့်လှပြီဖြစ်ရာ ငယ်ဂုဏ်အားကိုးဖြင့် နိုင်လိုဇောများ တရကြမ်းတိုက်စစ်ဖွင့်လေ့ရှိသော အမေ့သား၏ အမှားကို စောင့်ကာ သမ္မာဂုဏ်ပြသွားနိုင်ပေသည်။

လိုက်ဝိတ်တန်း

လိုက်ဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ နိုင်ထူးလွင် (တောင်ကလေး)ကို ပထမအချီ ၂မိနစ်၄၅စက္ကန့်အတွင်း အလဲထိုးခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ဒေါနအောင် (အဖြူရောင်သွေးသစ်)ကို အမှတ်(၃-၀)ဖြင့် အနိုင်ယူခဲ့သည့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်)နှင့် ဘိုင်ရ၍ ဆီမီးဖိုင်နယ်မှ စတင်ယှဉ်ပြိုင်ခွင့်ရပြီး စောအာကာ(KLN)ကို အမှတ်(၂-၁)ဖြင့် အနိုင်ရခဲ့သူ စစ်သွေး(ဘီလပ်မြေစက်ရုံ-၁)တို့ တွေ့ကြမည်။

ဝင်းထွန်းက လုံးချောနှင့် သုံးကြိမ်၊ ရွှေဆိုင်းနှင့်တစ်ကြိမ် သရေပွဲနွှဲခဲ့သူဖြစ်ပေရာ စစ်သွေးအနေဖြင့် ရှုံးလျှင် ဂုဏ်မငယ်၊ နိုင်လျှင် ပြောဖွယ်မရှိ၊ ငါးချီအပြည့်ယှဉ်၍ အမှတ်နှင့်ရှုံးလျှင်ပင် အဆင်လှနေပြီမို့ ရသလောက်ရုန်းမည်သာ ဖြစ်သည်။

လိုက်ဝယ်တာဝိတ်တန်း

လိုက်ဝယ်တာဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ ဘာမထိ(အလင်းရောင်)ကို အချီပြည့်ရုန်းပြီးမှ အမှတ်ဖြင့် အနိုင်ရခဲ့သည့် နည်းတူ ဆီမီးဖိုင်နယ်၌လည်း စောဖွဲလေး (KLN)ကို အမှတ်ဖြင့်ပင်အနိုင်ရခဲ့သော အောင်ဇေယျ (ဘီလပ်မြေစက်ရုံ-၁)သည် ကွာတား၌ မုန်တိုင်း(ဖလုံပညာ့တဝ့်)ကို ဒုတိယအချီ ၂၀စက္ကန့်ဖြင့်၊ ဆီမီးဖိုင်နယ်၌ ကျန်စစ်အောင် (မြို့တော်စည်ပင်)ကို ဒုတိယအချီ ၂မိနစ် ၅၂စက္ကန့်ဖြင့် အလဲထိုးအနိုင်ယူခဲ့သူ ရန်ဆက်နိုင်(တောင်ကလေး)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်။ ပြီးခဲ့သည့် ၂၀၀၇ပြိုင်ပွဲတွင် ယခုဝိတ်တန်း၌ပင် ဗိုလ်လုပွဲသို့ ရောက်ခဲ့ပြီးမှ သူ့ထက်ဝါရင့်သော ဝင်းထွန်းကို အမှတ်ဖြင့်ရှုံးကာ ငွေတံဆိပ်ဖြင့် ဖြေသိမ့်ခဲ့ရသူအောင်ဇေယျသည် ယခုတစ်ကြိမ်တွင် သူက ဝါရင့်လက်ဝှေ့သမားအဖြစ် ယှဉ်ပြိုင်ရပြီဖြစ်ရာ ရွှေခါးပတ်ကို အပါဆွဲရန် ကြိုးပမ်းပေလိမ့်မည်။

ရန်ဆက်နိုင်က အောင်ဇေယျလောက် ဝါမရင့်သော်လည်း အရပ်မြင့်သည်။ ပြီးခဲ့ပြီးလက်ရှိကြောင်းလည်း ပြီးခဲ့သည့်နှစ်ပွဲဖြင့် သက်သေပြခဲ့သည်။ သူတို့နှစ်ဦးက မိမိတို့ကိုယ်စားပြုရာ ကလပ်တံခွန်စိုက်ချန်ပီယံ အသင်းဖြစ်နိုင်ရေးအတွက်ပါ ထည့်တွက်ရမည်ဖြစ်ပေရာ မညှာတမ်း ထိုးသတ်ကြမည်သာ။

ဝယ်တာဝိတ်တန်း

ဝယ်တာဝိတ်တန်းတွင်ပြိုင်ပွဲဝင်လေးဦးသာရှိ၍ ဆီမီးမှ စတင်ယှဉ်ပြိုင်ခဲ့ကြရာ ကြယ်လင်းအောင်က မင်းရန်နိုင် (ရက္ခဗျာလ)ကို တတိယအချီ ၂မိနစ်၃၇ စက္ကန့်၌ အနိုင်ယူ၍ ဗိုလ်လုပွဲတက်လာပြီး ရွှေမင်းရာဇာ(ဘီလပ်မြေစက်ရုံ-၁)က သျှားအွာ(ဖလုံပညာ့တဝ့်)ကို ပထမအချီ ၂မိနစ် ၁၈ စက္ကန့်၌ အနိုင်ယူကာ ဗိုလ်လုပွဲ တက်လာသည်။ မာဂုဏ်နှင့် ကြိုးဝိုင်း အတွေ့အကြုံတွင်တော့ လုံးချော၊ ရွှေဆိုင်း၊

လက်သီးပြင်းသူ ဇော်ဖိုးကေနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရန်ကြီးအောင်။

ရန်ကြီးအောင်၊ ဝင်းထွန်း၊ တွေ့မရောင်တို့နှင့်သာမက ဂျပန်လက်ဝှေ့သမားနှင့် တစ်ကြိမ်၊မွေထိုင်းတို့နှင့် အကြိမ်ကြိမ် ယှဉ်ခဲ့ပြီး လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ရှုံးပွဲမရှိမှတ်တမ်းဖြင့် ဖြတ်သန်းလာခဲ့သူ ကြယ်လင်းအောင်က သာလွန်နေသည်ဟု ဆိုရမည်။ သို့ရာတွင်ရွှေမင်းရာဇာကလည်း လက်ဝှေ့ပွဲ အရေအတွက်က သူ့အသက် နှစ်ပြန်စာမကရှိနေပြီး အရည်အချင်းအရ ပထမတန်းစားဟု ဆိုနိုင်လောက်သူဖြစ်ပေရာ ကြယ်လင်းအောင်အနေဖြင့် ရွှေခါးပတ်ကို အချောင်ရမည့်ပွဲမဟုတ်ကြောင်း ပရိသတ်များ မျက်ဝါးထင်ထင် တွေ့မြင်ရပေလိမ့်မည်။

လိုက်မစ်ဒယ်ဝိတ်တန်း

လိုက်မစ်ဒယ်ဝိတ်တန်းက ယခုပြိုင်ပွဲကြီး တစ်ရပ်လုံးတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်နေသည်။ ၂၀၀၇ပြိုင်ပွဲတွင် ယခု ဝိတ်တန်းဗိုလ်လုပွဲအထိ ရောက်ခဲ့ဖူးသော မြလေးနွယ်(တောင်ကလေး)ကို ပထမအချီမှ တတိယအချီ ၄၉စက္ကန့်အတွင်း အမှတ်စဉ် လေးကြိမ် အရေခံရအောင် ထိုးသတ်အနိုင်ယူခဲ့ပြီး ဆီမီးဖိုင်နယ်တွင်လည်း ၂၀၀၆ မစ်ဒယ်ဝိတ်တန်းနှင့် ယခုဝိတ်တန်း လက်ရှိချန်ပီယံစတား (ဘီလပ်မြေစက်ရုံ-၁)ကို ပထမအချီ၁မိနစ် ၃၆စက္ကန့်ဖြင့် အလဲထိုးခဲ့သူ ဇော်ဖိုးကေ (မန္တလေး)က အနိုင်ရ၍ ဆီမီးဖိုင်နယ်တွင် ထွန်းထွန်း (အဖြူရောင်သွေးသစ်)နှင့် ထိုးသတ်ကာ အမှတ်(၂-၁)ဖြင့် အနိုင်ရလာသူ ရန်ကြီးအောင် (မြို့တော်စည်ပင်)နှင့် ယှဉ်ပြိုင် ခါးပတ်လုရမည်ဖြစ်သည်။ ယခုမှ အသက် ၁၈နှစ်ကျော်ကျော်ရှိသေးပြီး လက်ဝှေ့သမားသက်တမ်း လေးနှစ်ဝန်းကျင်သာရှိသေးသူ ဇော်ဖိုးကေနှင့် ၂၀၀၇တွင် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ် ချန်ပီယံ ဖြစ်ခဲ့သူ ရန်ကြီးအောင်တို့ ကြိုးဝိုင်းသမ္မာချင်း မယှဉ်သာအောင်ကွာသည်။ လုံးချော၊ ရွှေဆိုင်းတို့နှင့်ယှဉ်ပြီး ပထမတန်း လက်ဝှေ့သမားတန်းဝင်ဟု ခံယူထားနိုင်သူ ရန်ကြီးအောင်အနေဖြင့် အကယ်၍ ရွှေခါးပတ်ကို လက်လွှတ်ရမည်ဆိုလျှင် ချန်ပီယံဘွဲ့မခံနိုင်သည်က အရေးမဟုတ်လှဘဲ မြွေပွေးပိုးထိခံရသည့် အဖြစ်မျိုး ဆိုက်သွားနိုင်ပေသည်။ ဇော်ဖိုးကေကလည်း ရှေ့နှစ်ပွဲတွင် အလဲထိုး နိုင်ခဲ့သောကြောင့် ပရိသတ်က အထင်တကြီး စောင့်ကြည့်ချိန်ရောက်မှ ဖိုးသင်းမျှောက်အဖြစ်ခံ၍ မသင့်တော့ပေ။ အခြေအနေက နှစ်ဦးစလုံး အတွက် ခက်ခဲလွန်းနေသည်။ ထိုအခက်အခဲကို ဇော်ဖိုးကေက သူ၏လက်သီးပြင်းပြင်းများဖြင့် ထိုးလှဲဖြတ်ကျော်သွားမည်လား၊ ရန်ကြီးအောင်က သူ၏ ကြိုးဝိုင်းသမ္မာဖြင့် လွတ်အောင်ရှောင် ထိအောင်ထိုးကာ ဖြတ်ကျော်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

လုံးချောနှင့် စောငမန်း

ပြိုင်ပွဲဝင်နှစ်ဦးသာရှိ၍ ယခုဗိုလ်လုပွဲတွင်မှ ယှဉ်ပြိုင်ရသော လုံးချော(ညောင်တုန်း) နှင့် စောငမန်း (Ever Green) တို့၏ မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်လုပွဲကတော့ လက်ရှိထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချောဖြစ်နေသဖြင့် စောငမန်းဘက်က စိန်ခေါ်သူဖြစ်နေပြီး သူတို့နှစ်ဦး နောက်ဆုံးတွေ့ခဲ့ကြသည့် ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲတွင် စောငမန်းကို အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့် လုံးချောဘက်က ကြည့်လျှင် မကျေပွဲဖြစ်နေသည်။ ပွဲပေါင်းများစွာ ယှဉ်ပြိုင်ခဲ့ကြသူချင်းမို့ အလဲထိုးပွဲ ဖြစ်ဖို့ရာနှုန်းနည်းနေပြီး အမှတ်ပေးဒိုင်များ ဦးနှောက်စားရမည့်ပွဲ ဖြစ်လာမည်ထင်သည်။ သူတို့နှစ်ဦးဆုံလျှင် ဖြစ်နေကျအတိုင်း ပွဲကတော့ အကြိတ်အနယ်ရှိလာပေလိမ့်မည်။ ။ (မြန်မာ့အလင်း)

ဝိတ်တန်းတစ်တန်းတွင် တစ်ယောက်သာ ရွှေခါးပတ်ချန်ပီယံ ဖြစ်နိုင်ရေးအတွက် ရင်ဆိုင်ထိုးသတ်ရမည်ဖြစ်၍ ဆန်ခါတင်လက်ဝှေ့ တွဲဆိုင်း ကိုးဆိုင်းတို့၏ ယှဉ်ပြိုင်မှုက ပြင်းထန်လာမည်မှာ သေချာ။

ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များ ကျိုက္ခမီမြို့၌ တွေ့ဆုံဆွေးနွေး

သံဖြူဇရပ် စက်တင်ဘာ ၁၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ငါးလုပ်ငန်းရှင်အသင်းရုံး၌ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအား တွေ့ဆုံပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် ညနေ ၅နာရီက ကျင်းပသည်။

စနစ်တကျ

ရှေးဦးစွာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးစိုးမြင့်က ကျိုက္ခမီမြို့ ကမ်းဝေးလုပ်ငန်းရှင်များအား လှေထွက်ခွာခွင့်ထုတ်ပေးမှုကိစ္စ၊ ငါး၊ ပုစွန်မျိုးစိတ်ကုန်တက်ကိစ္စ၊ ငါးသယံဇာတ ထိန်းသိမ်းရေးကိစ္စ၊ ငါးဖမ်းလှေများ စနစ်တကျ ဝင်ရောက်ထွက်ခွာရေးနှင့် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက်အပေါ် လိုက်နာဆောင်ရွက်ရန်ကိစ္စများ ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်က ကမ်းဝေး၊ ကမ်းနီး ငါးဖမ်းလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ငါးလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးကျော်ထူး၊အတွင်းရေးမှူး ဦးသန်းစိုးတို့က အသင်း၏ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ တက်ရောက်လာသော လုပ်ငန်းရှင်များက ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းအခက်အခဲကိုလည်းကောင်း တင်ပြကြပြီး ပြည်နယ်ဦးစီးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(မြို့နယ်ငါးဦးစီး)

ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ ပြည်ထောင်စုကျောက်တိုင်ကွင်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၅ရက်က တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှု တားဆီးရေး မြိတ်မြို့၌ ပညာပေးဟောပြော

မြိတ် စက်တင်ဘာ ၁၉

တနင်္သာရီတိုင်း မြိတ်ခရိုင် မူခင်းကျဆင်းရေးကော်မတီသည် ခရိုင်အတွင်း ကျေးရွာများအထိ ကွင်းဆင်းကာ မူခင်းကျဆင်းရေး ပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ရက်က မြိတ်ခရိုင် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဟောပြောပွဲကျင်းပရာ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးညွန့်က မူခင်းဖြစ်ပွားရသည့် အခြေခံအကြောင်းများနှင့် လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးအောင်သန်းဦးက ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တိုက်နယ်ဆရာဝန်ဒေါက်တာတင်စိုးမိုးက ဥပဒေနှင့်ဆေးပညာအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ စခန်းသစ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူစုစုပေါင်း ၁၅၂ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ဦးမြို့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။(မြို့နယ်စည်ပင်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အားကစားသတင်း အတိုအထွာများ

အာကာဟိန်း စုစည်းတင်ပြသည်

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ဖိလစ်ပိုင်တင်းနစ်သမား မာမစ်အနိုင်ရ

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အုပ်စုနောက်ဆုံးပွဲစဉ်၌ ဖိလစ်ပိုင်မှ မာမစ်က နယူးဇီလန်မှ စတာသမ်ကို ၇-၆၊ ၆-၄၊ ၇-၅ ဖြင့် သုံးပွဲပြတ် အနိုင်ရရှိခဲ့သည်။

တိုက်စစ်မှူးစတီဖန်ကီအစ်လန် ဘွန်ဒက်စ်လီဂါ၌ ဂိုးအများဆုံးသွင်းယူထားနိုင်

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များကို စက်တင်ဘာ ၁၉ရက်အထိ ကစားပြီးချိန်၌ ဂိုးအများဆုံးသွင်းထားသူများမှာ ဘေယာလေဗာကူဆင်မှ တိုက်စစ်မှူး စတီဖန်ကီအစ်လန်ဖြစ်ပြီး ငါးဂိုးသွင်းယူထားသည်။ ဟမ်းဘတ်မှ ဂွာရီရိုက လေးဂိုးက ဒုတိယနေရာ၌ရှိနေသည်။

ယူရိုသန်း ၂၅၀ကျော်ပေးလျှင် ဘာကာက မက်ဆီအား ရောင်းမည်ဟုဆို

ဘာစီလိုနာအသင်းသည် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီအား ဝယ်ယူလိုပါက ယူရိုသန်း ၂၅၀ကျော် ပေးမှရောင်းမည်ဖြစ်ကြောင်း ဘာစီလိုနာက စက်တင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်သည်။

ဘောလုံးသမားအပြောင်းအရွှေ့ပိတ်ပင်ခံရသော်လည်း ဖလားများရယူမည်ဟု အန်ဆယ်လော့တီပြောကြား

ဘောလုံးသမားအပြောင်းအရွှေ့ကို လာမည့် ၂၀၁၁ခုနှစ်အထိ ပိတ်ပင်ခံထားသော်လည်း မိမိတို့ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်အပါအဝင် ဆုဖလားအများအပြားရအောင်ယူနိုင်ရေး ယုံကြည်နေကြောင်း နည်းပြအန်ဆယ်လော့တီက စက်တင်ဘာ ၁၉ရက်၌ ပြောကြားသည်။

မန်စီးတီးက မက်ဆီကို ပေါင်သန်း၃၀၀ ပေးရန်အသင့်

ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးမက်ဆီအား မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း၃၀၀ပေး ဝယ်ယူရန်အသင့်ရှိကြောင်း မန်စီးတီးကလပ်က စက်တင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ဘော်ဒိုးတိုက်စစ်မှူးမာရော့နေ အာဆင်နယ်အသင်းက ခေါ်ယူမည်

ဘော်ဒိုးတိုက်စစ်မှူး မာရော့နေကို ခေါ်ယူရန် မိမိတို့ကြိုးစားနေကြောင်း လာမည့်အပြောင်းအရွှေ့ကာလ၌ စာချုပ်နိုင်ရေး နီးစပ်နေပြီဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

တိုက်စစ်မှူးတီဗက်ဇ်နေရာ၌ စီရိုနယ်ဒိုနှင့် မန်စီးတီးအစားထိုးမည်ဟုဆို

တိုက်စစ်မှူးတီဗက်ဇ်အစား စီရိုနယ်ဒိုအားခေါ်ယူပြီး အစားထိုးကစားသွားရန် မိမိတို့ကြိုးစားသွားမည်ဖြစ်ကြောင်း မန်စီးတီးနည်းပြ မတ်ချ်ဟုခ်က စက်တင်ဘာ ၁၉ရက်၌ ပြောကြားသည်။

ကွင်းလယ်အင်အားဖြည့်တင်းရမည်ဟု မန်ယူနည်းပြကြီး ဖာဂူဆန်ဖွင့်ဟ

ကွင်းလယ်အင်အား တောင့်တင်းရန် ဖြည့်ဆည်းရေးသည် အဓိကအချက်ဖြစ်လာကြောင်း မန်ယူနည်းပြ ဖာဂူဆန်က စက်တင်ဘာ ၁၉ရက်၌ ဖွင့်ဟပြောကြားသည်။ ။

(အင်တာနက်)

အိုးထရက်ဖို့ဒ်မှာ မန်ယူနိုင်ပွဲဆက်မည်လော စပါး၏နိုင်ပွဲအဖြေရှာမှုကို ချယ်လ်ဆီးဟန့်တားနိုင်ပါ့မလား

မြင့်စိုး ရေးသား၍ ဝင်းချို(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် စက်တင်ဘာ ၁၉

ပရီမီယာလိဂ်ပွဲစဉ်(၆) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၀ရက် (ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ အဓိကပြိုင်ပွဲအဖြစ် မန်ယူနှင့်မန်စီးတီး၊ ချယ်လ်ဆီးနှင့်စပါးတို့ပွဲများပါဝင်သည်။ ယင်းပြိုင်ပွဲနှစ်ပွဲ၏ အဓိက အားပြိုင်မှုသည် ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အပြောင်းအလဲတစ်ခုခုကို အဖြေထုတ်ရမည်ဖြစ်၍လည်း ပရိသတ်များ အထူးစိတ်ဝင်စားနေကြသည်။

မန်ယူတိုက်စစ်မှူး ရွန်နေ။

လက်ရှိအနေအထားမှာ မန်ယူက ငါးပွဲကစား လေးပွဲနိုင်ထားပြီး အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရှိနေသည်။ မန်စီးတီးကမူ လေးပွဲကစား လေးပွဲနိုင်သည့် စံချိန်ကို တင်ထားသည်။ ထိုနေ့တွင် မန်ယူက အိမ်ရှင်အဖြစ် မန်စီးတီးကို လက်ခံကစားမည်ဖြစ်၏။ ယင်းပြိုင်ပွဲသည် ဒါဘီပြိုင်ဘက်နှစ်သင်း၏ အဓိက အားစမ်းပွဲဟုဆိုလျှင် မှားမည်မထင်။ မန်ယူနည်းပြကြီး ဖာဂူဆန်ကလည်း လေးပွဲဆက်တိုက် အောင်ပွဲခံမှုကို လိုလားနေသည်။ ထို့အတူ မန်စီးတီးနည်းပြ မတ်ချ်ဟုခ်ကလည်း ယခုနှစ် ပရီမီယာလိဂ်တွင် ငွေပုံအောပြီး လူသစ်များခေါ်ယူလိုက်ခြင်းကြောင့် နိုင်ပွဲများ ဆက်လက်ရရှိရေးမှာ သူ့အတွက် ဖိအားတစ်ရပ်ဖြစ်နေသည်။

သို့သော်လည်း အဓိကတိုက်စစ်မှူးဖြစ်သည့် အဒီဘာယော သုံးပွဲအပယ်ခံထားရ၍ ယင်းပွဲတွင် ပါဝင်ခွင့်ရမည်မဟုတ်သဖြင့် မန်ယူအတွက် အားသာချက်ရှိသည်။ ထို့အပြင် မန်စီးတီးတွင် ဆန်တာခရုဇ်နှင့် တီဗက်ဇ်တို့သည်လည်း ဒူးဒဏ်ရာ ရထားကြသဖြင့် ပါဝင်ရန် မသေချာပေ။ တိုက်စစ်မှူးရော်ဘင်ဟိုနှင့် ဂျင်းဂျာနီတို့လည်း ခြေမျက်စိ အနာတရဖြစ်ထားသည်။ ဘယ်လာမီ တစ်ဦးသာ မန်စီးတီး၏ တိုက်စစ်ကို ဦးဆောင်ကစားရဖွယ်ရှိသည်။ သို့သော် မန်စီးတီးကွင်းလယ်တွင် ရိုက်ဖီးလစ်၊ ဂါးရက်ဘာရီ၊ အမ်ကလေတန်တို့ အခိုင်အမာ ရှိနေသကဲ့သို့ နောက်တန်း၌ ဝိန်းဘရစ်၊ လက်စ်ကော့၊ ရစ်ချက်နှင့်တိုရေး စသောကစားသမားများမှာ မန်စီးတီး၏ တောင့်တင်းခိုင်မာမှုကို ပြသရန် အသင့်ရှိကြသည်။ ထို့ကြောင့် နည်းပြမတ်ချ်ဟုခ်အနေဖြင့် မန်ယူကွင်းတွင်

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။

ခံစစ်မှ တိုက်စစ်သို့ တဖြည်းဖြည်း ပြောင်းကစားမည်ဟု မျှော်လင့်ရသည်။

ကြံ့ခိုင်မှုပြည့်ဝ

မန်ယူကမူ လက်ရှိအနေအထားအရ ပရီမီယာလိဂ်တွင် သုံးပွဲဆက်တိုက် အနိုင်ရထားသကဲ့သို့ ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲတွင်လည်း အနိုင်ရထား၍ စိတ်ဓာတ်ရေးရာ ကြံ့ခိုင်မှုအပြည့်အဝရှိနေသည်။ ရုပ်ပိုင်းဆိုင်ရာလေ့လာကြည့်လျှင်လည်း ဒဏ်ရာရသူ နည်းပါးသည်။ ဖာဒီနန် တစ်ဦးသာ ပေါင်ဒဏ်ရာ ရရှိနေသည့် အနေအထားတွင်ရှိသည်။ အသင်းနှစ်သင်း၏ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲများကို လေ့လာကြည့်လျှင်လည်း မန်စီးတီးတို့ အိုးထရက်ဖို့ဒ်သို့ ၁၂ကြိမ် သွားရောက်ယှဉ်ပြိုင်ကစားရာတွင် တစ်ပွဲသာ အနိုင်ရခဲ့ဖူးသည်။ မန်ယူက အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သော ပြိုင်ပွဲ ၂၆ပွဲ တွင် ၂၃ပွဲအနိုင်ရခဲ့သည့်ရလဒ် ရှိထားသည်။ ထို့ကြောင့် မန်ယူသည် အိမ်ကွင်း အောင်မြင်မှု ရလဒ်ကို ဆက်ထိန်းထားနိုင်မည့် အနေအထားရှိသည်။

ချယ်လ်ဆီးနှင့် စပါး

လက်ရှိအနေအထားတွင် ချယ်လ်ဆီးက ငါးပွဲဆက်တိုက် အနိုင်ရထား၍ အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ စပါးမှာ ပြီးခဲ့သော ပွဲစဉ်တွင် မန်ယူက နိုင်ပွဲဆက်မှုကို ရပ်တန့်ခဲ့၍ အနိုင်ပွဲပြန်လည် ရရှိရန် ကြိုးစားမည့် အနေအထားရှိသည်။ချယ်လ်ဆီးအသင်းသည် ပီကျူအာနှင့်ကစားမည့် ကားလင်းဖလားပွဲအတွက် နည်းပြအန်ဆယ်လော့တီက ဂျိုကိုးလ်ကို ချန်ထား၍ ပါဝင်ကစားမည် မဟုတ်ပေ။ ဒရော့ဘာနှင့်ဘော့စင်ဝါတို့ ချန်ပီယံလိဂ် ပွဲပယ်ခံထားရာမှ ပြန်လည်ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် အနိုင်ရခဲ့သော ငါးပွဲတွင် ဟူးလ်စီးတီး၊ ဆန်းဒါးလန်း၊ ဖူလ်ဟမ်၊ ဘန်လေနှင့် စတုတ်အသင်းများကို အနိုင်ရခဲ့ခြင်းဖြစ်

စပါးတိုက်စစ်မှူး ဒီဖိုး။

မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီ။

သည်။ သာမန်အသင်းများကိုသာ နိုင်ခဲ့ခြင်း ဖြစ်သည်။ တောင့်တင်းခိုင်မာသော စပါး၏ စမ်းသပ်မှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ အန်ဆယ်လော့တီအနေဖြင့် ဒရော့ဘာနှင့် အနယ်လ်ကာတို့ကို အဓိက တိုက်စစ်အဖြစ် ထားမည်ဖြစ်သည်။ ထို့အတူ စပါးနည်းပြ ရက်နက်ကလည်း ဂိုးသွင်း အကျော်အမော်များဖြစ်သည့် ဒီဖိုး၊ လင်နွန်နှင့် ရော်ဘီကိန်းတို့နှင့် ပွဲထွက်လာပြီး ချယ်လ်ဆီးနောက်တန်းကို မွှေနှောက် ကစားလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ရက်နက်၏လူများသည် လွန်ခဲ့သော ပြိုင်ပွဲလေးပွဲဆုံတွေ့မှုတွင် ချယ်လ်ဆီးကို အနိုင်မကစားနိုင်ခဲ့ပေ။ ချယ်လ်ဆီးတို့ အနေဖြင့်လည်း စပါးနှင့် အိမ်ကွင်း ၁၉ ကြိမ် တွေ့ဆုံခဲ့ရာတွင် စပါး၏ ခြေစွမ်းကို မကျော်လွှားနိုင်ခဲ့ပေ။ ထို့ကြောင့် ချယ်လ်ဆီးနှင့် စပါးပွဲသည် ကစားအားခြေစွမ်းမျှ၍ ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

အခြားပွဲများ

ထိုနေ့တွင် အခြားပွဲများအဖြစ် အဲဗာတန်နှင့် ဘလက်ဘန်း၊ ဝုလ်ဗာဟမ်တန်နှင့် ဖူလ်ဟမ်တို့၏ ယှဉ်ပြိုင်မှုကိုလည်း ဆက်လက်ကြည့်ရှုရမည် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ချန်ပီယံစပိန်က အစုံရေးကိုဦးဆောင်

မာစီယာ စက်တင်ဘာ ၁၉

ဒေးဗစ်ဖလား လက်ရှိချန်ပီယံ စပိန်အသင်းသည် အကြိုဗိုလ်လုပွဲတွင် ဂျူအန်ကားလို့စ်ဖာယာရီနှင့် ဒေးဗစ်ဖာယာတို့က အစုံရေး တစ်ဦးချင်းပြိုင်ဘက်များကို အနိုင်ရရှိခဲ့ကြသည်။

ဒဏ်ရာရထား

စပိန်နိုင်ငံ မာစီယာမြို့၌ ကျင်းပသော အဆိုပါ ပြိုင်ပွဲတွင် ဖာယာက အစုံရေးမှ ဟာရယ်လီဗီအား ၆-၁၊ ၆-၄၊ ၆-၃ဖြင့် အနိုင်ရခဲ့ပြီးနောက် ဖာယာရီကလည်း ဒူဒီဆီလာအား ၆-၄၊၆-၂၊ ၆-၀ဖြင့် နိုင်ခဲ့သည်။ စပိန်အသင်းတွင် ထိပ်တန်းကစားသမား ရာဖေးလ်နာဒယ် ဒဏ်ရာရထား၍ မပါဝင်ခဲ့ပေ။

ယှဉ်ပြိုင်

အခြားပွဲအဖြစ် ခရိုအေးရှားက ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဆွစ်ဇာလန်မှ ရော်ဂျာဖက်ဒဲယားက အီတလီမှ ဆီမိုနီဆိုလီလီအား ၆-၃၊ ၆-၄၊ ၆-၁ဖြင့် နိုင်ခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူးမက်ဆီ ဘာကာနှင့် စာချုပ်ထပ်မံချုပ်ဆို

ဘာစီလိုနာ စက်တင်ဘာ ၁၉

အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီအား ၂၀၁၆ခုနှစ် အထိ နူးကင့်မ်၌ ဆက်ကစားနိုင်ရေးအတွက် ဘာကာက စာချုပ်သစ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက်၂၂နှစ်ရှိ တိုက်စစ်မှူးမက်ဆီအား ဘာကာက မူလစာချုပ်အပေါ် နှစ်နှစ် စာချုပ် ထပ်မံတိုးလိုက်ခြင်းဖြစ်သည်။ ၎င်းသည် လာမည့်ဒီဇင်ဘာလတွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးရန် မျှော်လင့်ထားသည်။

ဆွတ်ခူး

မက်ဆီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘာကာအား ချန်ပီယံလိဂ်ဖလား၊ စပိန်လာလီဂါဖလားနှင့် စပိန်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ သူသည် အာဂျင်တီးနားတွင် မွေးဖွားခဲ့သော်လည်း အသက် ၁၃နှစ် ကတည်းက ဘာကာတွင် ဘောလုံးစတင်ကစားခဲ့သည်။ ၎င်းသည် ဘာကာ၏ ဝင်ငွေ အကောင်းဆုံးဘောလုံးသမားဖြစ်လာပြီး တစ်နှစ် လုပ်ခလစာ အဖြစ် ပေါင် ၈ ဒသမ ၁သန်းအထိ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

အဒီဘာယောအား ချမှတ်သောပြစ်ဒဏ်များ မန်စီးတီး အယူခံဝင်သွားမည်

လန်ဒန် စက်တင်ဘာ ၁၉

မန်စီးတီးတိုက်စစ်မှူး အဒီဘာယောအား အက်ဖ်အေချမှတ်ထားသော ပြစ်ဒဏ်များ လျှော့ပေါ့ရေးအတွက် အယူခံသွားမည်ဖြစ်ကြောင်း မန်စီးတီးနည်းပြမတ်ချ်ဟုခ်က ပြောကြားသည်။ အသက် ၂၅နှစ်ရှိ တိုဂိုတိုက်စစ်မှူး အဒီဘာယောသည် အာဆင်နယ်နှင့် ကစားသည့်ပွဲတွင် ဗန်ပါစီ၏မျက်နှာအား ကန်မိခဲ့သဖြင့် အက်ဖ်အေက သုံးပွဲပိတ်ပင်ထားသည်။

ထိုသို့ သုံးပွဲပိတ်ပင်လိုက်သဖြင့် အဒီဘာယောသည် မန်ယူနှင့် ကစားမည့်ပွဲ၊ ဖူလ်ဟမ်နှင့် ကစားမည့် ကားလင်းဖလားပြိုင်ပွဲနှင့် ဝက်စ်ဟမ်းနှင့် ကစားမည့်ပွဲများနှင့် လွဲချော်မည်ဖြစ်သည်။

(အင်တာနက်)

ခရိုအေးရှား လူငယ်ဂိုးသမား ချယ်လ်ဆီးခေါ်ယူရန် လုပ်ခကြိုပေးထား

လန်ဒန် စက်တင်ဘာ ၁၉

ချယ်လ်ဆီးက ခရိုအေးရှားဂိုးသမား ဒီလက်အား ၂၀၁၁ခုနှစ်တွင် ခေါ်ယူရန်သဘောတူလိုက်ပြီဖြစ်သည်။ အဆိုပါ ဂိုးသမားသည် အသက် ၁၇နှစ်သာရှိပြီး ခရိုအေးရှားတွင် နေထိုင်လျက်ရှိသည်။ မကြာမီက ကစားသမားအသစ်များခေါ်ယူမှု ပိတ်ပင်ခံထားရသော ချယ်လ်ဆီးအသင်းက ကစားသမားများခေါ်ယူခွင့်မရှိသော်လည်း ယင်းဂိုးသမားအား သဘောတူညီမှုရယူကာ လုပ်ခလစာများပေးထားမည်ဟု ဆိုသည်။

သူသည် ခရိုအေးရှားနိုင်ငံတွင် အတွေ့အကြုံများသော ဂိုးသမားဖြစ်ပြီး အနာဂတ်အတွက် ပိုကောင်းလာနိုင်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။ ဒီလက်သည် ခရိုအေးရှားနိုင်ငံ၏ အသက်အငယ်ဆုံးသော ဂိုးသမားဖြစ်ပြီး နိုင်ငံလက်ရွေးစင်ဂိုးသမားအတွက် ခေါ်ယူထားသူလည်းဖြစ်သည်။ **(အင်တာနက်)**

နီလာ

အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)

၁၀လပိုင်း (၅)၊ (၁၉)ရက်၊ (၁၁)လပိုင်း(၂)၊ (၁၆)၊ (၃၀)ရက်၊ (၁၂)လပိုင်း (၁၄)၊ (၂၈)ရက်၊(၁)လပိုင်း (၁၁)၊ (၂၅)ရက်၊(၂)လပိုင်း(၈)၊ (၂၂)ရက်၊(၃)လပိုင်း(၈)၊ (၂၂)ရက်၊(၄)လပိုင်း(၅)၊(၁၉)ရက်တွင် ထွက်ခွာမည့် (၁၂)ရက်ခရီးစဉ်ကို (၁-၉-၂၀၀၉)ရက်မှ (၃၀-၉-၂၀၀၉)ရက်အတွင်း လာရောက်စာရင်းပေးသွင်းသူများအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ်ငါးသောင်းတိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသေးသူများကို ပြုလုပ်ပေးပြီး ကျပ်သုံးသောင်းတိတိ လျှော့ပေးမည်ဖြစ်ပါသည်။ ၁၆ဦး စုစည်းပြီး လာရောက်စာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချုပ်မဟာ-ဝင်ကြေး)-ကိုလ်ကတ္တား ကျပ် ၁၀သိန်း၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)

၃၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်-Passport-Visa-Air Ticket-မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေတစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံးဝ)မဆုံးရှုံးပါ။**

ထွက်ခွာမည့်ရက် -အောက်တိုဘာလတွင် (၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။
နိုဝင်ဘာလတွင် (၆)ရက်၊ (၁၃)ရက်၊ (၂၀)ရက်၊ ၂၇ရက်/ဒီဇင်ဘာလတွင် (၄)ရက်၊ (၁၁)ရက်၊ (၁၈)ရက်၊ (၂၅)ရက်။
ဇန်နဝါရီလတွင် (၈)ရက်၊ (၁၅)ရက်၊ (၂၂)ရက်၊ (၂၉)ရက်/ဖေဖော်ဝါရီလတွင် (၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်။
မတ်လတွင် (၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်/ဧပြီလတွင် (၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၉-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၅၀ ၃။ နံနက်ခင်းသတင်း
၈း၀၀ ၄။ အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ
၈း၀၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)မြဖမင်္ဂလာ
၈း၁၅ ၆။ အတီးပြိုင်ပွဲ
၈း၃၀ ၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [ဝါသနာရှင် (ဒုတိယတန်း)အဆင့်] (အမျိုးသား)**
၈း၄၀ ၈။ International News
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၃၀)
၁၂း၃၅ ၅။ Golf Magazine (TV)
၁၂း၅၅ ၆။ **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း-၂) နိုင်းနိုင်း၊ မင်းရာဇာ၊ ကျော်ဇောဟိန်း၊ မြင့်မိုရ်၊ မေသန်းနု၊ တင့်တင့်ထွန်း၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်၊ အေးဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း [ဒါရိုက်တာ-မောင်မောင်ဦး (စန်းပိုက်)]
၁၄း၁၀ ၇။ တေးဂီတအစီအစဉ်
၁၄း၂၅ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄း၃၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၁၄း၄၀ ၁၀။ International News
၁၄း၄၅ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ **Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မကွေး အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)**
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **ဟောက်တတ်သူများ** မင်းဇေကရာဇ်၊ မေ၊ အောင်ခိုင်၊ ဝါဝါအောင် [ဒါရိုက်တာ-မေတင် (MMG)]
၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၆)
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၄၄)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနှလုံးသား** (အပိုင်း-၂၃)
၁၃။ အစီအစဉ်ပြီး၏။

မြောက်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမ အသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်က အမက(၉) မြောက်ဥက္ကလာပမြို့နယ်တွင်ကျင်းပရာ အသင်းသားများအား အစုပေါ် အမြတ်ငွေကျပ် ၃၃၇၂၀၀ကို အသင်းဥက္ကဋ္ဌ ဦးလှဟန်က ပေးအပ်ရာ အသင်းသားကိုယ်စားလှယ် အလက(၅) ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးလှ လက်ခံယူစဉ်။ (ပညာရေး)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သည့် ရွာတော်ကျေးရွာစက်ရေတွင်း ရေစက်ရုံ၊ ရေကန်တို့အား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်း တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများ၌ ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေ

ရန်ကုန် စက်တင်ဘာ ၁၉

<u>ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

<u>စက်တင်ဘာ ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်း တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ၁၉ရက် နံနက်၅နာရီ၃၆မိနစ်၅၇စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၃၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ) တစ်နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင် တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၃၆) ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃၆)၌ သီးသန့်အကျဉ်းသား ၂၅၀ အပါအဝင် အကျဉ်းသား ၇၁၁၄ဦးကို ပြန်လွှတ်ပေးခဲ့ အထူးသတင်းနှင့်အတူ ကော်ဖီမစ်တချို့တွင် မန်ကျည်းစေ့မှုန့် ပါဝင်နေသည်ဆိုသဖြင့် စစ်ဆေးနေ၊ မြန်မာမိန်းကလေးအား နှိပ်စက်သည့် စင်ကာပူအိမ်ရှင်မ ထောင်ဒဏ်နှင့် ငွေဒဏ်ကျခံရဖွယ်ရှိ၊ ကိုရီးယားနှင့် ထိုင်းအကင်စာများတွင် ကင်ဆာဖြစ်စေမည့် ယမ်းစိမ်းနှင့် ဆိုးဆေးများ ပါဝင်နေ၊ မူးယစ်ဆေးစွဲသူများ မိမိဆန္ဒအလျောက် ဆေးဖြတ်လိုပါက MANA မှ မှတ်တမ်းမှတ်ရာယူမထားဘဲ ကူညီပေးမည်၊ ရန်ကုန်တိုင်း အတွင်း ပေါက်ကွဲမှုခြောက်ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးထိခိုက်ဒဏ်ရာ ရရှိမှုမရှိ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ မြန်မာအစကို ရှာဖွေနေသည့် ဆရာချစ်စံဝင်းရေးသော မကွေးရာစည်းခုံတော် ကျောက်စာ ကျေးရူး Myanmar DISCOVERY ၊ နာရီပြင်ဆရာ ဦးမောင်လှိုင်၏ လက်ကလေးလှုပ်နိုင်ရင် လက်ကလေးနဲ့လုပ်မယ်၊ ပါးစပ်ကလေးလှုပ်နိုင် ရင် ပါးစပ်ကလေးနဲ့ လုပ်မယ် ၊ သူ့ဘဝ သူ့ဒဿန ဆရာမကြီး ခင်ဆွေဦး၏ အမျိုးသားစိတ်ဝတ္ထု (ဇာတ်သိမ်းပိုင်း)၊စာဖတ်ပရိသတ်တစ်ဦး၏ ‘ဝဋ်ကြွေး’၊ အယ်ဒီတာ့ထံပေးစာ၊ ‘ပြုံးပါ၊ ဩော်…မိန်းမ….’ ကဲ့သို့သော ရှုမြင်သုံးသပ်ချက် ဖတ်စရာများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီ ဖြစ်သည်။

ဆရာမြင့်နောင်မိုး၏ စင်ကာပူ၏ နိုင်ငံခြားလုပ်သား ကန့်သတ်မှုနှင့် အနာဂတ် အလားအလာ နိုင်ငံတကာရေးရာ စီးပွားရေး သုံးသပ်ချက် ဆောင်းပါးနှင့်အတူ အာရှဒေသဝါဒ အမှန်တကယ် ဖြစ်ချိန်တန်ပြီလား၊ ဂျပန်တွင် အသက်ရာကျော် ဘိုးဘိုးဘွားဘွား အရေအတွက်တိုးပွား၊ သမ္မတ တာဝန်ပြန်ယူရန် ပူတင်စဉ်းစား၊ ချစ်သူကိုစိတ်ဆိုးပြီး နှစ်လသားအရွယ် သမီးကို ရိုက်သတ်သောအမျိုးသား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရဖွယ်ရှိ၊ အင်ဒိုနီးရှားတွင် သူတောင်းစားများအား ပေးကမ်းစွန့်ကြဲ သူများကို အရေးယူနေစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိ လိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး “လက်ထိုးရုပ်” ပြပွဲကို စက်တင်ဘာ ၂ ရက်က အမက(၁၅) တာမွေကျောင်းခန်းမ၌ကျင်းပရာ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်း အမှာစကားပြောကြားစဉ်။ (၁၃၅)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲ အထက(၅) မော်လမြိုင်၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပသော မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ရက်က မော်လမြိုင်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီးကိုယ်စား အထက်တန်းပြဆရာ ဦးဝင်းနိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၆၀၀ကျော် တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ (မော်လမြိုင်-ဘားအံ) မူးယစ်အထူးအဖွဲ့မှ ရဲအုပ်စောမောရှည်က မူးယစ်ဆေးဝါးအဆင့်ဆင့် ဖြစ်တည်လာပုံကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း၊ မော်လမြိုင်ခရိုင် ဥပဒေအရာရှိ ဦးစမောကန်းက မူးယစ်ဆေးဝါးဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်ကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇာနည်ဝင်းက မူးယစ်ဆေးဝါးသုံးစွဲသူတိုင်း အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပွားမှုကိုလည်းကောင်း ဟောပြောပို့ချကြသည်။

ဟောပြောပို့ချ

အလားတူ ဟောပြောပွဲများကို မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ဆက်လက်ဟောပြော ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းတွင် တိုးချဲ့ပိုက်လိုင်းများ သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁၄ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဟားခါး၌ စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

ဟားခါး စက်တင်ဘာ ၁၄

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက်က ၂၀၀၉ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဟားခါးမြို့ အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ကျင်းပရာ တက်ရောက်ကြသူများက မြို့ဟောင်းရပ်ကွက် ဗားပွားလ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် မြို့ဟောင်း အလကကျောင်းစာကြည့်တိုက် များအတွက် တန်ဖိုးငွေကျပ် ၁၃၃၅၀၀ရှိ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း အုပ် ၅၈၀ကို မြို့ဟောင်း အလကစာကြည့် တိုက်သို့ လှူဒါန်းကြသည်။

လေ့လာကြည့်ရှု

ထို့နောက် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အဖွဲ့သည် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန စာကြည့်တိုက်နှင့် ပြတိုက်များသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ (ပြည်နယ် ပြန်/ဆက်)

ပျိုးပင်များ ပျိုးထောင်မှုစစ်ဆေး

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် စက်တင်ဘာ ၂ ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ပျိုးဥယျာဉ်တွင် သတ်မှတ်ပျိုးပင်များ ပျိုးထောင်ထားရှိမှုအပေါ် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးတင်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးငွေ တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော မောက်မယ်-မိုင်းပုတ် ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းမှုကို ဩဂုတ် ၁၄ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်လေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကြည်ရှိန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ထွန်းလင်းကြယ်စင်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ကော့သောင်း စက်တင်ဘာ ၈

ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာ ထွန်းလင်းကြယ်စင်စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၉ နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် တိုင်းဦးစီးမှူးက ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိက စာငှားစနစ်ကျင့်သုံးရေးကို ဆွေးနွေးသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလှူဒါန်းသည့်စာအုပ်များကို တိုင်းဦးစီးမှူး ဦးတင်ထွန်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံယူသည်။

ဆက်လက်၍ ကံပုံကြီးနားစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို သွားရောက်စစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်မြေနေရာနှင့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းဦးစီးမှူး ဦးတင်ထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်ကေသီရှိန်တို့သည် ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့သွားရောက်စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သက်ဦးအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်တံတား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူ၌ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ပခုက္ကူ စက်တင်ဘာ ၁၅

ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဒေသတွင်း ငါးမျိုးမပြုန်းတီးစေရေး၊ မြစ်ချောင်းအင်းအိုင်နှင့် သဘာဝရေပြင်များတွင် ငါးသယံဇာတပေါကြွယ်ဝရေး၊ ပြည်သူများ ငါးစားသုံးမှုဖူလုံစေရေး ရည်ရွယ်၍ ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်မှုအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက အဆိုပါရုံးခန်းမ၌ကျင်းပရာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်က ငါးသားပေါက်အိတ်များကို ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများသို့ပေးအပ်ပြီး ဧရာဝတီမြစ်အတွင်းသို့ ငါးမှုန်သိန်း ၆၀၊ ငါးသန် ၂ဒသမ၅သိန်းတို့ကို ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(ဝ၇ဝ)**

မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဩဂုတ် ၁ရက်က ဇန်းမော်မြို့ ရွှေကျေးနားရပ်ကွက်၌ ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(သန့်ရှင်းရေး) ဦးသိုက်ဦးဝင်းနှင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အောင်မြေသာစံ၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေး စက်တင်ဘာ ၇

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်း ရပ်ကွက် ၁၉ ရပ်ကွက်တွင် မှုခင်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ရက်က မေဃဂီရိရပ်ကွက်ရုံး၌ကျင်းပရာ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရှိန်ဝင်း တက်ရောက်ချီးမြှင့် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရှိန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမင်းဟန်က မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်း

ဆက်လက်၍ မန္တလေးခရိုင် ဥပဒေအရာရှိ ဦးတင်ဦး၊ တွဲဖက်မြို့နယ် တရားသူကြီး ဦးလွန်းဘော်တို့က မှုခင်းဖြစ်ပွားစေတတ်သောဖြစ်ရပ်များ၊ ဥပဒေပုဒ်မများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည့်အချက်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြောင်း သိရသည်။

(ဝ၉ဝ)

မြစ်ကြီးနားမြို့ သခင်နက်ဖေလမ်း၌ ကွန်ကရစ်တံတားဆောက်

မြစ်ကြီးနား စက်တင်ဘာ ၉

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နှင့်ကျေးလက်နေပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူကောင်းမွန်စေရန် လမ်း၊ တံတားများကို ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေဖြင့် တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်မော်သိန်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် မြို့မရပ်ကွက် သခင်နက်ဖေလမ်းပေါ်တွင် အုတ်ခုံခံကွန်ကရစ်တံတား ဆောက်လုပ်နေမှုကို စက်တင်ဘာ ၂ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမည်မှန်

ရွှေဘိုမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(င)မှ မမန်းသီတာကြော့ကြော့၏ အမည်မှန်မှာ မမန်းသီတာ ၉/သပက(နိုင်)၀၅၀၈၈၅ဟု ပြောင်းလဲခေါ်ပါရန်။

မမန်းသီတာ ၉/သပက(နိုင်)၀၅၀၈၈၅။

တိုက်နှင့်ခြံရောင်းမည်

(ပွဲစားမလို)

သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊

ပေ၈၀×၉၃ပေပတ်လည်ဝင်းခြံ၊

နှစ်ထပ်တိုက်၊ လူနေရန်အသင့်၊ ရေမီးစုံ၊ မီတာနှစ်လုံးပါ၊

Aircon (4)လုံးပါ၊ အဝီစိတွင်းပါ။

ငွေကျပ်သိန်း ၅၀၀၀၊ အလျှော့အတင်းရှိ။

ဖုန်း-၅၄၃၃၉၃(ရုံးချိန်)၊ ၀၉-၅၁-၂၈၂၉၈။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၅၆၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဆွေ ၉/ကပတ(နိုင်)၀၂၄၅၈၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်ရာအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်၊အနောက်ပိုင်းရုံး)။

အမြန်ရောင်းမည်

ပလတ်စတစ်စက်ရုံတစ်ရုံလုံးရှိ ပစ္စည်းအားလုံး အမြန်ရောင်းမည်။

- ပလတ်စတစ်ကြိုးဆွဲစက် (၂) လုံး
- ကိုင်းအိတ်ဆွဲစက်(အိတ်ပါး) (၂) လုံး
- ကော်ကျိုစက် (၅) လုံး
- ကိုင်းအိတ်ဖြတ်စက် (၃) လုံး
- ကော်စေ့မွှေစက် (၁) လုံး
- ပေါင်ခွေ (ကြိုးခွေသေး)ရစ်စက် (၂) လုံး
- ပလတ်စတစ်ကုန်ကြမ်းခါစက် (၃) လုံး
- ပလတ်စတစ်ကုန်ကြမ်းလျှော်စက်(အကြီး) (၁) လုံး
- ပလတ်စတစ်ကုန်ကြမ်းခုတ်စက်(၁ ပေ) (၂) လုံး
- ကတ္တား (၁) လုံး
- ၇ပေတွင်ခုံ (ဆိုဒ်ကြီး) (ပစ္စည်းစုံ) (၁) လုံး
- ဂဟေပုံး (၂) လုံး
- မော်တာ (၂၃) လုံး ပါဝင်သည်။

လုပ်ငန်းသစ်တည်ထောင်လိုသူများအတွက် အားလုံးကူညီဆောင်ရွက်ပေးမည်။

ဆိုဈေး ကျပ်သိန်း ၃၀၀

ဆက်သွယ်ရန် ဖုန်း-၀၉-၂၀-၃၃၃၅၁ (မန္တလေးမြို့)။





မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ် သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၅၌** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇တွင်လည်း** မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ညောင်တုန်း၌ ယာဉ်နှင့်လမ်းစည်းကမ်းထိန်းသိမ်းရေးပညာပေးဟောပြော

ညောင်တုန်း စက်တင်ဘာ ၁၇

ညောင်တုန်းမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆမှုများ ပပျောက်စေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ်ခန်းမ၌ စက်တင်ဘာ၉ရက်က ကျင်းပရာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ထော်လာဂျီပိုင်ရှင်များ၊ မောင်းနှင်သူများနှင့် ဆိုင်ကယ်ပိုင်ရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်စိုးက ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိမိတို့ကိုယ်တိုင်လည်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးဟောပြော မှာကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးဟောပြော

ထို့နောက် မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝမ်းမောင်က ယာဉ်လိုင်စင်ပြုလုပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ မအူပင်ခရိုင် ပို့/ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်လင်းက လုပ်ငန်းလိုင်စင်ခွန်များပေးဆောင်မှုနှင့် ပတ်သက်၍လည်းကောင်း၊ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှ ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ (၁၅၂)

စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မြိတ်မြို့၌ ကျင်းပ

မြိတ် စက်တင်ဘာ ၁၅

တနင်္သာရီတိုင်း ၂၀၀၉ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီက မြိတ်မြို့ ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အထက(၁)ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး တနင်္သာရီတိုင်း လက်ထောက်ပညာရေးမှူး ဦးထွန်းရီက တနင်္သာရီတိုင်း စာတတ်မြောက်ရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် တိုင်းအတွင်းရေးမှူး ဦးရဲနိုင်အောင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုများ ချီးမြှင့်သည်။ **(ယာပုံ)** ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လူတိုင်းအတွက် ပညာရေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ



မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာပိုင်စိုက်ခင်းလွှဲပြောင်းပွဲ တောင်ကုတ်၌ကျင်းပ

တောင်ကုတ် စက်တင်ဘာ ၁၇

တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကျေးရွာပိုင်သစ်တောစိုက်ခင်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်စိုးတို့က ကျေးရွာပိုင်သစ်တောစိုက်ခင်းများအား စနစ်တကျဝိုင်းဝန်းထိန်းသိမ်းရန် ပြောကြားပြီး ကျေးရွာဥက္ကဋ္ဌများသို့ သစ်တောစိုက်ခင်းနှင့်ပတ်သက်သည့် စာချုပ်များ လွှဲပြောင်းပေးအပ်သည်။ ***(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)***

မော်လမြိုင်ကျွန်း၌ စာအုပ်စာစောင်များလှူဒါန်း

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၆

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာဌားစနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲကို စက်တင်ဘာ၁၂ရက် မွန်းလွဲ၁နာရီက မော်လမြိုင်ကျွန်းမြို့နယ်ရှောက်ချောင်းကျေးရွာအုပ်စု စွယ်စုံကျေးရွာ ရွှေစံပယ်ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သီတာအောင်က စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်း-မြင့်အောင်)က စာဌားစနစ် ကျင့်သုံးရေးနှင့် စာအုပ်စာစောင်များ တိုးပွားရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ရုံးမှ လှူဒါန်းသော စာအုပ်စာစောင် ၂၅အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီတာအောင် **(ယာပုံ)** ကလည်းကောင်း၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်း-မြင့်အောင်) မိသားစုက စာအုပ်စာစောင် အုပ်၂၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရွှေစံပယ် ကျေးလက် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစစ်အေးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

ကွန်ပျူတာအတတ်ပညာရှင်များ မွေးထုတ်ပေးရာ ဗန်းမော်ကွန်ပျူတာတက္ကသိုလ်



ဗန်းမော်ကွန်ပျူတာတက္ကသိုလ် ကျောင်းဆောင်သစ် အဆောက်အအုံ တည်ဆောက်နေမှုကို ဤသို့တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

➢ သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

မျက်မှောက်ခေတ်သည် အိုင်တီနည်းပညာထွန်းကားသောခေတ်၊ ကွန်ပျူတာခေတ်၊ နည်းပညာ တိုးတက်သောခေတ်ဟူ၍ ခေါ်ဆိုရလောက်အောင်ပင် နည်းပညာများ ကမ္ဘာတစ်ဝန်း ပျံ့နှံ့တိုးတက်နေပေပြီ။

မြန်မာနိုင်ငံအနေဖြင့်လည်း တိုးတက်ပြောင်းလဲလာသောခေတ်နှင့်အညီ ကွန်ပျူတာနည်းပညာ တိုးတက်ပြောင်းလဲမှုတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ ရင်ပေါင်တန်းနိုင်ရေးအတွက် မည်သည့်ခေတ်အခါကမျှ ပေါ်ထွန်းခဲ့ဖူးခြင်း မရှိသေးသော *စာမျက်နှာ ၃ ကော်လံ ၁* ●

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဧပြီ ၂၈ရက်မှ စတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A(H1N1) အတည်ပြု လူနာ ၄၅ ဦးရှိပြီး သေဆုံးသူ မရှိကြောင်း၊ ၃၆ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက်လူနာ ကိုးဦးရှိပြီး ၎င်းတို့၏ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

ပူးပေါင်းဆောင်ရွက်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန် ၁၉-၉-၂၀၀၉

ပူတာအို	၃	ဒသမ	၀၃	လက်မ
ကျောက်ဖြူ	၂	ဒသမ	၆၀	လက်မ
မိုးကုတ်	၂	ဒသမ	၀၅	လက်မ
မိုင်းဆတ်	၁	ဒသမ	၆၅	လက်မ
စစ်တွေ	၁	ဒသမ	၃၇	လက်မ
ညောင်တုန်း	၁	ဒသမ	၁၆	လက်မ